မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၄ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရဲရွာမှ ဘဲလင်းသို့ ၂၃၀ ကေဗွီ (Twin Bunddle Circuit) ဓာတ်အားလိုင်း သွယ်တန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသော ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၂) ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် မြန်မာဆင်၊ ကျားခေါင်းနှင့် အေသုံးလုံး ဘိလပ်မြေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုပန်မြို့နယ်၌ အစေးထုတ်နေပြီဖြစ်သော ရော်ဘာပင်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကွမ်းလုံခရိုင်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော စက်မှုကုန်ကြမ်းသီးနှံရော်ဘာ

သတင်းခရီးသည်
ထိန်လင်း (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ကွမ်းလုံ မတ် ၁၃

ရော်ဘာဟုဆိုလိုက်သည်နှင့် ရော်ဘာသည် ပူပြင်းစွတ်စိုသောရာသီဥတုကို ကြိုက်နှစ်သက်သဖြင့် မြန်မာနိုင်ငံအောက်ပိုင်း မွန်ပြည်နယ်၊ သထုံနှင့် မုဒုံမြို့နယ်များတွင် အများအပြား စိုက်ပျိုးကြောင်း လူအများ သိရှိကြသည်။ ကျောင်းသားဘဝက သင်ခန်းစာများတွင်လည်း သင်ကြားမှတ်သားခဲ့ရဖူးသည်။

စီးပွားဖြစ်စိုက်ပျိုး

တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တွင်သာ စိုက်ပျိုး၍ရသည်ဟု ထင်ခဲ့ရသော ရော်ဘာကို ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စီးပွားဖြစ် အကြီးအကျယ်စိုက်ပျိုးနေကြသည်ဟူသော သတင်းကို ကြားရသဖြင့် တအံ့တဩဖြစ်ရသည်။ ရှမ်းပြည်နယ်ကဲ့သို့ အေးသည့်နေရာများတွင် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးပုံ စိုက်ပျိုးနည်းကိုသိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် ရော်ဘာအများအပြားစိုက်ပျိုးနေသော ကွမ်းလုံခရိုင်သို့ သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

ယခင် ဘိန်းစိုက်ပျိုးခဲ့ရာ တောင်ကတုံးများပေါ်တွင် တစ်နှစ်သား ရော်ဘာပင်များကို ခေတ်မီကွန်တိုစိုက်ခင်းဖြင့် စိုက်ပျိုးထားသည်ကို ကွမ်းလုံမြို့နယ်၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၄ ရက်)

လူတိုင်းရောဂါဘယ ကင်းဝေးရေးအစဉ်သတိပြု ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်ရန်ကျင့်ကြံနေထိုင်

နိုင်ငံတော် အစိုးရသည် လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးအတွက် ကျေးလက်ဒေသအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာပါကလည်း ထိရောက်စွာ ကုသမှုပေးခြင်းတို့ကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားမှုကို အထောက်အကူပြုသည်။ လူများသည် အသက်ရှင်စဉ်ကာလအတွင်း နှလုံးသားကျန်းမာရန်လိုအပ်သည်။ နှလုံးသည်လူ၏ ခန္ဓာကိုယ်တွင် အရေးအကြီးဆုံးသော အစိတ်အပိုင်းဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ နှလုံးသား နုပျိုစေရန်နှင့် ရောဂါကင်းစင်ရန် ကျန်းမာစေသော နေထိုင်စားသောက်မှုပုံစံများကို လိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။ နှလုံးရောဂါကို ဖြစ်စေသည့် အဓိကအကြောင်းရင်းသည် အာဟာရဓာတ်မမျှတသော အစားအသောက်များ စားသောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့် ဖြစ်သည်။

နှလုံးကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံကို ခြောက်ပတ်မျှ လိုက်နာကျင့်သုံးခြင်းဖြင့် အဓိကကျသော ကျန်းမာရေး အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ လမ်းလျှောက်ခြင်း၊ အာဟာရညီညွတ်မျှတသော ဟင်းသီးဟင်းရွက်များများ ဦးစားပေး စားသုံးပေးခြင်းသည် နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုသည်။

ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဆိုသည်မှာ ခန္ဓာကိုယ်အတွက်လိုအပ်သည့် အင်အား၊ အသားဓာတ်နှင့် ဗီတာမင် သက်စောင့်ဓာတ်များ ပြည့်စုံမျှတစွာပါဝင်ပြီး ခန္ဓာကိုယ်ကိုအန္တရာယ်ဖြစ်စေသည့် အဆီနှင့်အငန်များ လွန်ကဲစွာမပါသော အစာများဖြစ်သည်။ မှန်ကန်သော အစားအသောက်ကို ရွေးချယ်စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုခြင်းတို့သည် အဝလွန်ခြင်းနှင့် ကိုယ်အလေးချိန်များခြင်းတို့အတွက် အကောင်းဆုံးသော ကုသနည်းများပင်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် သွေးအတွင်း အဆီဓာတ်များ ကျဆင်းစေနိုင်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသူတို့သည် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်သူတို့ထက် နှလုံးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါတို့ကို နှစ်ဆပိုမိုဖြစ်ပွားစေသည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ကာယစွမ်းအား၊ ဉာဏစွမ်းအားများ ပါဝင် ဖြည့်ဆည်းကြမည့် တိုင်းရင်းသားပြည်သူများသည် ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်ရန်အတွက် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးကို အစဉ်သတိပြု ကျင့်ကြံနေထိုင်သွားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား

၁၄-၃-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတ သန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၀ ၉။ **ကျွမ်းတိုင်းမကြမ်းနဲ့** လျှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅ ၃။ Yan Can Cook
၁၃:၁၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတော်သူ** (အပိုင်း-၃၀)
၁၄:၀၅ ၅။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ Telematch
၁၄:၄၅ ၆။ International News
၁၅:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၄၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၄:၅၀ ၆။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅:၃၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၁၂။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၅၅ ၁၅။ ပဋ္ဌာလက်ကျောင်းတော်
၇:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာနှင့်ယှဉ်သောမေတ္တာ"** (အပိုင်း-၂၆)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၈)
၂၁။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၄-၃-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၃)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရင်ဝှက်စကား ချစ်သူကြားစေ** ဟိန်းဝေယံ၊ သက်မွန်မြင့်
၁၃:၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၂၇)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၅ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ မြန်မာစာ မြန်မာစကား (အပိုင်း-၁၀)
၄:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကတိမုန့်ချစ်သူ**(အပိုင်း-၅)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး
ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မတ် ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီးဗိုလ်ချုပ်သိန်းထွန်း၊ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အင်ဂျင်နီယာချုပ်များ၊ ပြည်နယ်နှင့်တိုင်း မန်နေဂျာများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ အင်ဂျင်နီယာချုပ်များ၊ ပြည်နယ်နှင့်တိုင်း မန်နေဂျာများက မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ထို့နောက် ဒုတိယဝန်ကြီးနှင့်ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုတက္ကသိုလ်(မြို့ပြ)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

၁၉၈၇ခုနှစ်နှင့် ၁၉၉၁ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ)ကျောင်းဆင်းကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ၄ရက် နံနက်၉နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းရှိ (M-3Food Centre)၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာကြီးဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း-၀၉-၅၀-၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၅၁-၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉-၅၁-၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀-၃၃၅၅၈၊ ကိုရွှေဝင်း ဖုန်း-၀၉-၅၀-၄၇၃၆၀၊ ကိုစန်းကြူ ဖုန်း-၀၉-၅၀-၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉-၂၀-၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉-၂၀-၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇နှင့် မရီရီခင် ဖုန်း-၀၉-၅၀-၀၃၂၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် နီးစပ်ရာစာသင်နှစ်အလိုက် ဆရာ ဆရာမများအား လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သုံးခွမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၃

သုံးခွမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သုံးခွမြို့နယ်အသင်းဥက္ကဋ္ဌဦးမြသိန်းက အသင်း၏ ရည်မှန်းချက်နှင့်အညီ အဘက်ဘက်တွင် ထူးချွန်ထက်မြက်သော ကျောင်းသား လူငယ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီရေးတို့ကို မှာကြားသည်။

ဂုဏ်ပြုဆုများပေးအပ်

ထို့နောက် အသက် ၇၅နှစ်နှင့်အထက် သက်ကြီး ၈၄ ဦးအား ပူဇော်ကန်တော့ကြပြီး ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်(၆)ရရှိသော ခြောက်ဘာသာဂုဏ်ထူးရှင် မဖြူသင်းနိုင်၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



ဖေဖော်ဝါရီ ၂၇ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၃

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သစ်တောဦးစီးဌာန ပြည်နယ်နှင့် တိုင်း တာဝန်ခံ ညွှန်ကြားရေးမှူးများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် မြန်မာ့သစ်လုပ်ငန်းမှ ပြည်နယ်နှင့် တိုင်းတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများက မိမိတို့ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ပျဉ်းမနား ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် မတ် ၁၃

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) မှ နေပြည်တော် ပျဉ်းမနား ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၁၂ရက် (ကြာသပတေးနေ့) နံနက်၁၀နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့တော်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

တက်ရောက်

အခမ်းအနားတွင် သဘာပတိ နေပြည်တော် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဌေးက အမှာစကားပြောကြားပြီး ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ပျဉ်းမနား ဦးမြင့်လှိုင် (ပြန်ကြားရေးမှူး-၁)က ဖွဲ့စည်း တာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းကာ ဥက္ကဋ္ဌ ပျဉ်းမနားစောမြင့်ကို၊ ဒုတိယဥက္ကဋ္ဌ ကျော်မြင့် (မီးရထား)၊ အတွင်းရေးမှူး ညီညီလွင်၊ တွဲဖက်အတွင်းရေးမှူး ဇော်မင်း (ဝေယံလှိုင်း)၊ ဘဏ္ဍာရေးမှူး မြင့်သူ၊ စည်းရုံးရေးမှူး ဉာဏ်ဝင်းမောင်၊ ပြန်ကြားရေးမှူး မြင့်မြင့်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော တင်ဝင်း၊ ကြည်သောင်း၊ ဝင်းနိုင် (Marshall)၊ မကျော့ဝါတို့ ပါဝင်သော မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီခန့်အပ်လွှာကို ဓနုဖြူ ဦးစိုးသိန်း (ပြန်ကြားရေးမှူး-၂)က ပေးအပ်ပြီး ဖွဲ့စည်း တာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မတ် ၁၂ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်း-စာ ၅) (သတင်းစဉ်)

မြဝတီစာတပ်ပုံပြိုင်ပွဲနှင့် စာမူဆုရရှိသူများကြေညာ

ရန်ကုန် မတ် ၁၃

၂၀၀၈ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး စာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာလိုက်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို စစ်ငြိမ်းပန်းက လည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာဝင်းမာ(IM-2)ကလည်းကောင်း၊ တတိယဆုကို ဦးစိုးလွင်(မိုးဃ်သောက်)က လည်းကောင်း၊ အထူးဆု(၁)ကို အောင်မျိုးထွန်း (Upper Myanmar)ကလည်းကောင်း၊အထူးဆု(၂)ကို ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)နှင့် အထူးဆု(၃)ကို မောင်မောင်ထွန်းတို့က လည်းကောင်း အသီးသီးရရှိကြသည်။

မြဝတီမဂ္ဂဇင်း

၂၀၀၈ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုကို ကာတွန်း မောင်တင်ယုက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်စိန်ဝင်း(ပုတီးကုန်း)၏ 'ရွှေမြန်မာ'ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို မောင်ခင်မင်(ဓနုဖြူ)၏ 'နိဝါတတရားကို အလေးထားသောမြန်မာ'က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ဆင်ဖြူကျွန်းအောင်သိန်း၏ 'ဖုံးတုန်းလုံးတုန်းကာလမှာ'က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ငွေတာရီမဂ္ဂဇင်း

ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်ဟေမာ၏ 'ကျွန်းကလေးပေါ်မှာ'ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို မကြန်၏ 'အစွတ်ခွန်'က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ကိုနိုင်း(ချင်းတောင်)၏ 'တောင်ပြာမှာ တောင်ကြာပွင့်လျှင်ဖြင့်'ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို အောင်ပန်းချောင်းသား(ရေစကြို)၏ 'ချိန်းတဲ့ည'ကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဆုရရှိကြသူများအား မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများသည် မြဝတီစာပေတိုက် ဖုန်း-၅၅၈၂၇၃၊ ၃၇၁၂၄၄ တို့သို့ ကြိုတင် ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ထပ်မံအကြောင်းကြား ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးဘေးကာကွယ်ရေး

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးညွန့်တို့ ကြည့်ရှုအားပေးကြစဉ်။ (မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၉ရက် (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ကိုယ်ပိုင်အလုပ်ဥစ္စာထုပ်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၈:၀၀-၂:၀၀	ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းစေသည့် ချစ်သူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း
၈:၁၀-၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၅-၂:၃၅	**တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူ မွေးမြူ တို့အတူ** (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၈:၅၀-၂:၅၀	ကလေးတို့အတွက် လက်ဆောင် (လင်းနို့ရုပ်နှင့် ကြယ်ပုံစံ သေတ္တာကလေး ခေါက်ကြရအောင်)
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ နော်ရထာဝင်းနှင့် တွေ့ဆုံခြင်း]
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	လေ့လာသင်ယူစရာ ဟိုတယ်ပညာ
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	သွားမယ် စားမယ် (The Muses)
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	လူသုံးပစ္စည်းအလေးထားစက်မှု(၁)ရဲ့စွမ်းပကား စတီးပစ္စည်းနှင့်ကြွေရည်စိမ်ပစ္စည်းစက်ရုံ(မင်းစု)
၁၁:၅၀-၅:၅၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၂:၀၅-၆:၀၅	လည်ပင်းအာရုံကြောညပ်ရောဂါ (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂:၂၅-၆:၂၅	Movie Mistakes (Air Force One)
၁၂:၄၀-၆:၄၀	အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Man Utd - Liverpool	ESPN (Live)
၉:၂၅	Arsenal - Blackburn	ESPN (Live)
	Hull City - Newcastle	Star Sports (Live)
၁၁:၃၀	Middlesbrough - Postmouth	Star Sports (SDD)
၁၂:၀၀	Bolton - Fulham	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Juventus-Bologna	5-Cartoons(Live)

ကနေဒါနိုင်ငံ အတ္တလန္တိတ်ကမ်းခြေဒေသ၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၁၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမျိုးသားအကျိုးစီးပွားနှင့် လူ့အသိုက်အဝန်းတည်ငြိမ်အေးချမ်းရေး အားသွန်ကြိုးပမ်းကြရန် တရုတ်တပ်ဖွဲ့အား ဟူကျင်တောင် တိုက်တွန်း

ပေကျင်း မတ် ၁၂

တရုတ်လက်နက်ကိုင် တပ်ဖွဲ့များအနေဖြင့် အမျိုးသားအကျိုးစီးပွားနှင့် လူမှုအသိုက်အဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးတို့အတွက် အင်တိုက်အားတိုက် ကူညီထောက်ပံ့မှုပြုရန် တရုတ်သမ္မတ ဟူကျင်တောင်က မတ် ၁၁ ရက်တွင် တိုက်တွန်းလိုက်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ)နှင့် လက်နက်ကိုင် ရဲတပ်ဖွဲ့များအနေဖြင့် ကာကွယ်ရေးကို ခေတ်မီအောင် စွမ်းစွမ်းတမံ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် နိုင်ငံပိုင်နက် တည်တံ့ခိုင်မြဲမှုတို့ကို ပြတ်ပြတ်သားသား ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသားအကျိုးစီးပွားနှင့် လူ့အသိုင်းအဝိုင်း တည်ငြိမ်အေးချမ်းမှု ရှိစေရေးအတွက် အားသွန်ခွန်စိုက် ကူညီစောင့်ရှောက်ကြရန် ဟူကျင်တောင်က မြွက်ဟပန်ကြားခဲ့သည်။

ထိပ်တန်းဥပဒေပြု အဖွဲ့အစည်းကြီးဖြစ်သည့် အမျိုးသားပြည်သူ့ကွန်ဂရက်(အင်န်ပီစီ)၏ ပီအယ်လ်အေဒုတိယအကြိမ် အကဲများနှင့် မျက်နှာစုံညီစည်းဝေးပွဲတွင် ဗဟိုစစ်ဘက်ကော်မရှင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဟူကျင်တောင်က ယင်းကဲ့သို့ မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်နက်ကိုင်တပ်ဖွဲ့များတွင် ပါတီ၏ ဦးဆောင်မှုကို ၄င်းက အလေးအနက်ပြု ဆွေးနွေးခဲ့ပြီး ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များကို သိပ္ပံဆိုင်ရာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လည်း ဟူက တိုက်တွန်းခဲ့သည်။

အားပေးထောက်ပံ့

လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ပါတီနှင့်တိုင်းပြည်၏ လုပ်ငန်းအဝဝကို စေတနာ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုအသိုက်အဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးတို့ကို ပံ့ပိုးဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ထို့အပြင် ဒေသဆိုင်ရာ ပါတီကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလည်း ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးထောက်ပံ့ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

လူ့အခွင့်အရေး အချိုးဖောက်ဆုံးနိုင်ငံအဖြစ် အမေရိကန်အား မြောက်ကိုရီးယားဝေဖန်ပြောကြား

ပြုံယမ်း မတ် ၁၃

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်၌ လူ့အခွင့်အရေးကို အချိုးဖောက်ဆုံးနိုင်ငံဖြစ်ကြောင်း ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီပီအာရ်ကေ)က ဝေဖန်ပြောကြားခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ထုတ်ဖော်ပြောကြား

အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တစ်ခုချင်းတင်ပြသော ဆောင်းပါးတစ်ပုဒ်ကို ကေစီအင်န်အေက ထုတ်ပြန်လျက် အမေရိကန်နိုင်ငံ အနေဖြင့် အခြားနိုင်ငံများ၏ လူ့အခွင့်အရေးများအကြောင်း ပြောဆိုဝေဖန်ရန် အကြောင်းမရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော ပြည်သူများအနေဖြင့် စားရေး၊ ဝတ်ရေးနှင့် နေရေးတို့ကို ပိတ်ပင်ထားခြင်းခံရကြောင်း၊ ရွေးကောက်ပွဲတွင်သာ လွတ်လပ်စွာ မဲပေးခွင့်ရကြကြောင်း ကေစီအင်န်အေက ဆက်လက်ဖော်ပြသည်။

ရာဇဝတ်မှု

အမေရိကန်နိုင်ငံသည် အဂတိလိုက်စားသည့် အတွေးအမြင်စနစ်နှင့်ယဉ်ကျေးမှုတို့ကို အားပေးမြှင့်တင်ခဲ့ကြောင်း၊ မြောက်မြားစွာသော ပြည်သူများအား စိတ်ဓာတ်ယိုယွင်းပျက်စီးစေပြီး မျှော်လင့်ချက် ကင်းမဲ့စေခဲ့ကြောင်း၊ ပြည်သူများအား ရာဇဝတ်မှုများ ကျူးလွန်စေရန်လည်း တွန်းပို့ပေးနေကြောင်း ကေစီအင်န်အေကထုတ်ပြန်သော သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနောက်ပိုင်း၌ အမျိုးသားမြင်းစီးပြိုင်ပွဲ ကျင်းပနေသည်ကို မတ်၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဩစတြေးလျကမ်းလွန်၌ ရေနံယိုဖိတ်မှုရှင်းလင်းရေး စီစဉ်ဆောင်ရွက်

ဆစ်ဒနီ မတ် ၁၃

သင်္ဘောတစ်စင်းပေါ်တွင် တင်ဆောင်လာသည့် ကုန်သေတ္တာအချို့ ပြုလဲကြပြီး သင်္ဘောကိုယ်ထည်ကို ထိခိုက်ခဲ့ရာ ကိုယ်ထည် ပေါက်ပြဲသွားခဲ့သည်။ ယင်းသင်္ဘောမှ စက်သုံးဆီ တန်ချိန် ၃၀ခန့်သည် ဩစတြေးလျနိုင်ငံအရှေ့မြောက်ပိုင်း ကမ်းလွန်တစ်နေရာတွင် ယိုဖိတ်ခဲ့သဖြင့် ရေသတ္တဝါများနှင့် ကမ်းခြေ ထိခိုက်ပျက်စီးမှု သက်သာစေရန်အတွက် ရေနံယိုဖိတ်မှုရှင်းလင်းရေးလုပ်ငန်းကို ဩစတြေးလျကမ်းလွန်၌ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ဓာတ်မြေဩဇာနှင့် ပေါက်ကွဲစရာ ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုသည့် အမိုနီယမ်နိုက်ထရိတ် သေတ္တာ ၃၁လုံးကို ရေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများက ယခုတိုင်ရှာဖွေနေဆဲဖြစ်သည်။ ယင်း၏ ဓာတုဗေဒပစ္စည်းများကို ပစိဖိတ်အက်ဒဗန်းချား သင်္ဘောက တင်ဆောင်လာခဲ့ပြီး ဘရစ်ဘိန်းမြို့အနီး မိုရီတန်ပင်လယ်ကွေ့ကမ်းလွန်တစ်နေရာ ပင်လယ်တွင်းကျ ရောက်ခဲ့သည်။

အမိုနီယမ်နိုက်ထရိတ် တန် ၆၂၀ပါဝင်သည့် အဆိုပါကုန်သေတ္တာများယိုစိမ့်မှုရှိခဲ့ပါက ရေမှော်ပင်များပေါ်ပေါက်လာပြီး ဖော်ပြပါ ပင်လယ်ကွေ့ရှိ ရေနေသတ္တဝါများ အသက်ရှူကျပ် သေဆုံးနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ ပျောက်ဆုံးလျက်ရှိသည့် အဆိုပါ ကုန်သေတ္တာများ မည့်သည့်အခါမျှ ပြန်လည် ရရှိနိုင်ဖွယ်မရှိဟု ကွင်းစလန် ရေကြောင်းလုံခြုံရေးဌာနက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရန်သို့ ဒုံးကျည်ရောင်းချမည့်စာချုပ် ရုရှားအစိုးရ ထိန်းချုပ်ထားဖွယ်ရှိ

မော်စကို မတ် ၁၃

ရုရှားနှင့်အမေရိကန်အစိုးရတို့က နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် လိုလားလျက်ရှိနေရာ ရုရှားကအီရန်သို့ရောင်းချမည့် အက်စ်- ၃၀၀လေကြောင်း ကာကွယ်ရေးစနစ်စာချုပ်ကို ရုရှားအစိုးရက ထိန်းချုပ်ထားဖွယ်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကတိကဝတ်ပြု

အီရန်၊ အာဖဂန်နစ္စတန်နှင့်မြောက်ကိုရီးယားပြဿနာများအပေါ် ချဉ်းကပ်ဖြေရှင်းမှုများပြုလုပ်နိုင်ရန် ရုရှားနှင့်အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးများက သဘောတူညီထားကြစဉ် တင်းမာမှုရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တည်ဆောက်ရန် အမေရိကန်နှင့်ရုရှားတို့က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ကတိကဝတ်ပြုထားခဲ့ကြသည်။

ဆန့်ကျင်ဖီလာ

ရုရှားကအီရန်သို့ အက်စ်-၃၀၀ လေကြောင်း ကာကွယ်ရေးစနစ်များ ရောင်းချမည့်သတင်းများနှင့် ဆန့်ကျင်ဖီလာဖြစ်နေသည့် ဖော်ပြပါသတင်းကို အမေရိကန်နှင့် အစ္စရေးတို့က စိုးရိမ်တကြီး စောင့်ကြည့်နေကြသည်။

မည်သူတစ်စုံတစ်ဦးကမျှ အီရန်နှင့်ချုပ်ထားသည့်စာချုပ်ကို ပယ်ချမှုမရှိနိုင်ကြောင်း အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆူကျို့- ၈ နှင့် ဆူကျို့-၉ အာကာသယာဉ် ၂၀၁၁ ခုနှစ်တွင် တရုတ်လွှတ်တင်မည်

ပေကျင်း မတ် ၁၃

ဥရောပအာကာသ အေဂျင်စီသို့ တရုတ်နိုင်ငံမှ ဆူကျို့- ၈အာကာသယာဉ်ဖြင့် ဇီဝနမူနာပုံစံများ သယ်ဆောင်သွားရန် သဘောတူထားကြောင်း မတ် ၁၂ရက်တွင် တရုတ်အာကာသဆိုင်ရာ စီမံကိန်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်ရန်

အဆိုပါ လူလိုက်ပါသည့် ဆူကျို့- ၈နှင့် ဆူကျို့- ၉အာကာသယာဉ်များကို လာမည့် ၂၀၁၁ခုနှစ်တွင် လွှတ်တင်မည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာကာသဆိုင်ရာ စူးစမ်းလေ့လာမှုများကို အခြားသောနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လျက်ရှိသည်။

အရေးပေါ်ကြုံတွေ့

နိုင်ငံတကာ အာကာသစခန်း၌ ၄င်းနိုင်ငံ၏ အာကာသစခန်းတစ်ခုထားရှိကာ အာကာသယာဉ်မှူး၏ အရေးပေါ်ကြုံတွေ့လာသည့် ကိစ္စရပ်များကို အပြန်အလှန် ကူညီဆောင်ရွက်ရေးကို အမျိုးသားပြည်သူ့ကွန်ဂရက် (အင်န်ပီစီ)၌ ဆွေးနွေးသည်။ (အင်တာနက်)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော် ဗီယက်နမ်တွင် ကျင်းပမည်

ဟနွိုင်း မတ် ၁၃

ဗီယက်နမ်နိုင်ငံအရှေ့တောင်ပိုင်း ဘာရီဗင်တူကမ်းရိုးတန်းပြည်နယ်၌ ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်ကို မတ် ၂၆ရက်မှ ၂၉ရက်အထိကျင်းပမည်ဖြစ်ကြောင်း မတ် ၁၁ရက်တွင် ဒေသဆိုင်ရာ လူငယ်သတင်းစာက ဖော်ပြသည်။

ပါဝင်

အဆိုပါပွဲတော်သို့ ဗီယက်နမ်နိုင်ငံ ဒေသဆိုင်ရာများနှင့် ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံ ပါဝင်မည် ဖြစ်သည်။

ကျင်းပ

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်ကို ယင်းပြည်နယ်ရှိ အရှေ့ပင်လယ်ကမ်းခြေနှင့် ဟိုတယ်ပင်လယ်ကမ်းခြေတို့တွင် ကျင်းပမည်ဖြစ်သည်။ **(အင်တာနက်)**

မတ်၉ရက်က ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ ၂၀၀၉ခုနှစ် ဖက်ရှင်ပြပွဲကျင်းပရာ ဖက်ရှင်မယ်တစ်ဦး ပါဝင်ယှဉ်ပြိုင်ဟန်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၈)ထွက်ပြီ

ရန်ကုန် မတ် ၁၃

၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲအကြို ဆွေးနွေးခန်းပါရှိသည့် ယခုတစ်ပတ် သတင်း ဂျာနယ်တွင် တနင်္သာရီကမ်းရိုး တန်းဒေသထွက် ကင်းမွန်များ တရုတ်မှ ဈေးမြင့်ပေးဝယ်နေ၍ ဈေးကောင်းနေ၊ ကျောက်ပုစွန်အကောင်သေးမျိုး ပြည်ပက မွေးမြူလုပ်ကိုင်ရန် စိတ်ဝင်စား၊ ငါးပိ၊ ငါးခြောက်များ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန် အဆင့်မြင့်ထုတ်လုပ်မှု သင်တန်းဖွင့်မည်။ နယ်စပ်မှ သစ်သီးဝလံ ကုန်သွယ်မှု ဒေါ်လာ၁၁သန်းကျော် ပိုမို ဆောင်ရွက်နိုင်၊ ကမ္ဘောဒီးယားမှ ဆန် တင်သွင်းမှုကို ထိုင်းနိုင်ငံပိတ်ပင် အစရှိသည့် ပြည်တွင်းပြည်ပ သတင်းများနှင့် အတူ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး စကားပုံများ၊ ကျေးလက်စတိုင်၊ ရေစောင်းလေစောင်းထက် လျှာစောင်းထက်၊ ဘေးထွက်ဆိုးကျိုး၊ ဒို့ကျေးရွာ ရေချမ်းစင်စာကြည့်တိုက်၊ သဘောတွေ့မယ့် အသောအထအစရှိသည့် သုတ၊ ရသစုံ ဆောင်းပါးများဖော်ပြထားသည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်ရနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ အမှတ်(၈)

ပန်းခြံတာဝါ ဒုတိယထပ် မဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်သည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး
ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲမှူးချုပ်ခင်မောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်း အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း အုပ်ချုပ်ရေးမှူးများကတည်ဆောက်ရေးတာဝန်ကြီး (၄)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ဘားအံမြို့တွင် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ဘားအံ မတ် ၁၃

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ပြည်နယ်မီးဘေးကြိုတင်ကာကွယ်ရေး ကြီးကြပ်မှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ၂၈ရက်က ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကြင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ခြင်း၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး အကူပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးကို အသုံးပြုပြီး မီးငြိမ်းသတ်ခြင်းတို့ ဇာတ်တိုက်လေ့ကျင့်ခဲ့ရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်း၊ အတွင်းရေးမှူး ဦးမောင်မောင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဆယ်မောင်နှင့် တာဝန်ရှိသူများအား တက်ရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

သဘာဝတိုင်းရင်းဆေးနှင့်ပတ်သက်၍ စာနယ်ဇင်း ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၃

Alpha Group International Ltd(New Zealand) ၏ မြန်မာပြည်ရုံးခွဲ Alpha Health & Care Ltd (Myanmar) မှ တင်သွင်းဖြန့်ဖြူးမည့် ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ထားသော သဘာဝတိုင်းရင်းဆေးများနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၁၁ ရက် နံနက် ၁၀နာရီက မြရိပ်ညိုရှိုင်းရယ် ဟိုတယ်၌ ကျင်းပသည်။**(အောက်ယာပုံ)**

ဖွံ့ဖြိုးတိုးတက်

Alpha Group International Ltd (New Zealand)သည် ကမ္ဘာပေါ်တွင် သဘာဝညစ်ညမ်းမှု လုံးဝမရှိသေးသည့်နယူးဇီလန်နိုင်ငံတွင် တည်ထောင်ခဲ့ပြီး ဆေးဖက်ဝင်မှိုပင်များ၊ အစွမ်းထက် သဘာဝစစ်စစ်ဆေးပင်များ၊ ပင်လယ်နေ သက်ရှိသတ္တဝါများ၏ အစိတ်အပိုင်းများကို အဓိကအထူးသုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသည်။ အဆင့်အမြင့်ဆုံး ကျန်းမာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းအဖွဲ့ကြီးဖြစ်ပြီး အဓိကရည်မှန်းချက်မှာ သဘာဝဆေးပင်များနှင့် ဆေးဖက်ဝင်ပစ္စည်းများကို အဆင့်မြင့်နည်းပညာဖြင့် သုတေသနပြု၍ ထုတ်လုပ်ခြင်း၊ လူသားများ၏ ရောဂါကုသပေးခြင်း၊ ကျန်းမာအောင် စောင့်ရှောက်ပေးခြင်းများဖြစ်သည်။ သဘာဝဆေးဖက်ဝင်မှိုပင်များ၊ အခြားသဘာဝဆေးဖက်ဝင် အပင်များနှင့် ပင်လယ်သတ္တဝါများ စသော သဘာဝအရင်းအမြစ်များကို စနစ်တကျစုစည်းပြီး စုပေါင်းဖော်စပ်ထားသဖြင့် အရည်အသွေးမြင့်မားပြီး အစွမ်းထက် ကျန်းမာရေးစောင့်ရှောက်သည့် သဘာဝတိုင်းရင်းဆေးများကို ထုတ်လုပ်လျက်ရှိကာ နိုင်ငံတကာ စားသောက်ကုန်ပစ္စည်းများ ကျန်းမာသန့်ရှင်း ဘေးကင်းမှုအဖွဲ့ (HACCP)၏ အသိအမှတ်ပြုလက်မှတ်နှင့် အခြားအဖွဲ့အစည်းများ၏ အသိအမှတ်ပြု လက်မှတ်ကို ရရှိထားသည့် အဖွဲ့ကြီး ဖြစ်သည်။

ဆက်သွယ်နိုင်

လင်ဇီး၊ ဆောင်းပိုးနွေမြက်၊ မျောက်ခေါင်းမှို၊ ပင်လယ်သတ္တဝါ၊ အခြားဆေးဖက်ဝင်အပင်များနှင့် ဖော်စပ်ထားသည့် Ganopoly O⁺၊ Ganopoly C⁺၊ Ganopoly B⁺၊ Ganopoly A⁺၊ Hepa Tect၊ Heripoly၊ Heri PAG၊ FEMO CARE နှင့် အခြားဆေးဝါးများကို မြန်မာနိုင်ငံတွင် တင်သွင်းဖြန့်ဖြူး ရောင်းချပေးလျက်ရှိပြီး အခန်း(၄၀၅၊ ၄၀၆၊ ၄၀၇၊၄၀၈) လေးလွှာ ပုလဲကွန်ဒို ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၅၈၆၇၅၊ ၅၅၈၆၇၆၊ ၅၅၉၄၃၇၊ ၅၅၉၅၃၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၃

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၆)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ်(၂၂၃) တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းဝင်သည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ မြို့နယ်သူ မြို့နယ်သားအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အသက် (၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများ၏အမှတ်စာရင်းကို မတ် ၂၅ရက် နောက်ဆုံးထား၍ အသင်းနာယက ဒေါ်သန်းသန်း ဖုန်း-၅၀၂၄၈၉၊ ဥက္ကဋ္ဌ ဦးတင်စိန် ဖုန်း-၅၅၃၆၄၄ (လိုင်းခွဲ ၁၁၄)၊ ဒုတိယဥက္ကဋ္ဌ ဦးဝမ်ထုံး (အဆွေတော်ကားဂိတ်) ဖုန်း-၀၉-၉၉-၂၀၀၈၃ နှင့် ဒေါ်သန်းမြင့်(တွဲ/မှူး) ဖုန်း-၅၆၃၈၀၅တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

မန္တလေး မတ် ၁၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မီးခြစ်စက်ရုံ(မန္တလေး)နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၄နာရီက မန္တလေး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် (၂၂-စီ)လမ်းရှိ အဆိုပါမီးခြစ်စက်ရုံတွင်ကျင်းပရာ စက်ရုံမှူးက အမှာစကားပြောကြားပြီး မန္တလေးတိုင်း မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို ရှင်းလင်းတင်ပြကာ လက်တွေ့မီးသရုပ်ပြပွဲကို ကျင်းပသည်။ (၀၉၀)

ရေစကြိုမြို့၌ ယာဉ်/လမ်းစည်းကမ်း လိုက်နာရေးဆိုင်းဘုတ်ထူ

ရေစကြို မတ် ၁၃

မကွေးတိုင်း ရေစကြိုမြို့သည် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆိုင်ကယ်၊ စက်ဘီးများပေါများမှုကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ဖေဖော်ဝါရီ၂ရက်က စတင်ပြီး မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးသူတို့၏ ကြပ်မတ်ဆောင်ရွက်မှုဖြင့် လမ်းဘေးဝဲယာရှိ ပန်းအလှပင်များပြုပြင်ခြင်း၊ အုတ်ခုံများ ဆေးသုတ်ခြင်း၊ မြို့တွင်းမြို့ပြင် ဗဟိုကျသောလမ်းမကြီးများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ ဆောင်ရွက်ကြသည်။ (၀၆၉)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ပြင်ဦးလွင်၌ ကျောင်းဆောင်သစ်လွှဲအပ်ပွဲကျင်းပ

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန အထက်မြန်မာပြည် ပညာရေးဌာနသို့ ပန်းအလှသမ္မာအာဇီဝ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၃ရက်က ပြင်ဦးလွင်မြို့နယ် ဒိုးကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် ခရိုင်ပညာရေးမှူး ဦးမြဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ (ဝ၈၈)

ရှေးဦးသူနာပြုစုခြင်းသင်တန်းဆင်း

ပခုက္ကူမြို့နယ်တွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၂/၀၇) ဒုတိယနှစ်နှင့် (၁၃/၀၈)ပထမနှစ်၏ ရှေးဦးသူနာပြုစုခြင်း (အခြေခံ) သင်တန်းအမှတ် စဉ်(၁/၂၀၀၉) သင်တန်းဆင်းပွဲကို မတ်၄ရက် နံနက် ၈နာရီခွဲက အဆိုပါကောလိပ်ပညာ စစ်သည်ခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုကြီးတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက အဆောင်အတွင်းရေးမှူးများထံ ပေးအပ်ချီးမြှင့်ခဲ့သည်။ (ဝ၇၁)

ကျိုက်ထိုမြို့နယ်တွင် အရန်မီးသတ်သင်တန်းဖွင့်

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း(၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဝက်လက်၌လှူဒါန်း

ဝက်လက်မြို့နယ် စွယ်ကွေ့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီခွဲက အဆိုပါဆေးခန်း၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်ဒေါ်ရီက ဆေးခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရွှေပြည်က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

စွမ်းအားမြှင့်မီးဖိုများ ညောင်ဦး၌အခမဲ့ဖြန့်ဝေ

ညောင်ဦးခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူးကြီးမှူး၏ ၂၀၀၈-၂၀၀၉ ထင်းအစားထိုး အခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာတည်ထောင်သည့် အနေဖြင့် စွမ်းအားမြှင့်အေဝမ်းမီးဖို အခမဲ့ဖြန့်ဝေခြင်းအခမ်းအနားကို မတ် ၁ရက် မွန်းလွဲ ၁နာရီက ညောင်ဦးမြို့နယ် ဂျမ်းလိုးကျေးရွာ၊ ဖြူထွားကျေးရွာနှင့်မင်းနန်သူ ကျေးရွာတို့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိန်နှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက စွမ်းအားမြှင့်အေဝမ်းမီးဖိုများအား ကျေးရွာသူကျေးရွာသားများထံ ပေးအပ်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ကသာ၌ မြေယာရှုခင်းအလှပြုပြင်

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကသာမြို့နေပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေစေနိုင်ရေးအတွက် ကသာမြို့ ရောကမ်းသာပန်းခြံအတွင်း မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဖေဖော်ဝါရီ ၅ရက်က စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

မိုးကောင်း၌ မီးသတ်ရေလှောင်ကန် ပြုပြင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် မိုးကောင်းမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြုပြင်ဆောင်ရွက်ပြီးစီးသည့် မီးသတ်ရေလှောင်ကန်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ဝဝ၁)

နွားထိုးကြီး၌ ချည်မျှင်ရှည်ဝါ ဈေးတိုးမြှင့်ဝယ်

နွားထိုးကြီးမြို့နယ်ထွက် ငွေချည်(၆)ချည်မျှင်ရှည်ဝါဈေးကို ဖေဖော်ဝါရီလဆန်းမှစ၍ကျပ် ၈ဝဝ၊ ကျပ် ၉ဝဝ၊ ကျပ် ၁ဝဝဝဈေးတိုးမြှင့်၍ ဝယ်ယူနေရာ ယခုအထိ နွားထိုးကြီး အထည်အလိပ်လုပ်ငန်းက ပိဿာ ၁၁၂၅ဝဝကျော် ဝယ်ယူနေပြီး နယ်လှည့်၍လည်း နေရာ ၁၁ နေရာ၌ ဝါဝယ်ယူကြရာ ငွေချည် (၆)ဝါများကို ပိတ်ရက်မရှိဝယ်ယူနေ၍ ကား၊ ထော်လာဂျီ၊ လှည်းများဖြင့် ဝါတောင်သူများ လာရောက်ရောင်းချနေကြသည်။ (ဝ၉၂)

ဘီတာမင်ဘီဝမ်းချို့တဲ့မှု ကွင်းဆင်းစစ်ဆေး

မြန်မာနိုင်ငံ ဘီတာမင်ဘီဝမ်းချို့တဲ့ရောဂါကာကွယ်ရေးစီမံချက်မှ ဒေါက်တာ ဆွေဆွေလှိုင်(အာဟာရ)နှင့် ဒေါက်တာ မိုးမိုးလှိုင်(ဆေးသုတေသန) တို့သည် ဇန်နဝါရီ ၂၄ရက်က ရမည်းသင်းမြို့နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၏ ဗီတာမင်ဘီ ဝမ်းချို့တဲ့မှုအခြေအနေများသိရှိရန် ဝါထိုးအနောက်ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ (၁၆၉)

ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရေး စီမံချက်များ ချမှတ်ဆောင်ရွက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက်ပါဝင်

နေပြည်တော် မတ် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်/တိုင်း မန်နေဂျာများ၊ အကောက်ခွန်ဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်/တိုင်း အခွန်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်အတန်းအားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် အပြည့်အဝ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများအတိုင်း တိကျ၊ မှန်ကန်၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်းဖြင့် ပြောကြားသည်။

အထူးအရေးကြီး

ထို့နောက် ဌာနအကြီးအကဲများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းတာဝန်များ ပြည့်မီအောင်မြင်စေရေး ဟန်ချက်ညီညီဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ပေါင်းစည်း လယ်ယာစိုက်ကွင်းစစ်ဆေး

နေပြည်တော် မတ် ၁၃

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝင်းမြင့်သည် မတ် ၂ရက် နံနက် ၉နာရီခွဲက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မူလတန်းကြိုအရွယ် ကလေးများ၏ ကာယ၊ ဉာဏ စွမ်းရည်ပြပွဲသို့လည်းကောင်း၊ လှိုင်ကော်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည့် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲသို့လည်းကောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်နယ်ဥက္ကဋ္ဌသည် မတ် ၃ရက် နံနက်ပိုင်းက လှိုင်ကော်မြို့နယ် မှုံပြာကျေးရွာ ဦးစောဂျိမ်းအီ၏ ပေါင်းစည်းလယ်ယာစိုက်ကွင်းရှိ ငါးမွေးမြူရေးကန်၊ ဝက်၊ နွားမွေးမြူရေးခြံ၊ တီကောင်စွန့်ပစ်မြေသြဇာထုတ်ကုန်၊ ကောက်ရိုးမှိုစိုက်ခင်း၊ ရာသီသီးနှံစိုက်ခင်းများနှင့်သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့နယ် မှုံပြာကျေးရွာ၌ ပေါင်းစည်းလယ်ယာစိုက်ကွင်း၊ ငါး၊ ဝက်၊ နွားမွေးမြူရေးခြံနှင့် တီကောင်စွန့်ပစ်ပစ္စည်းထွက်ကုန်၊ ကောက်ရိုးမှိုစိုက်ခင်း၊ ရာသီသီးနှံစိုက်ခင်းများ ထူထောင်ထား

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲများ မြောက်ဥက္ကလာ၌ကျင်းပ

ရန်ကုန် မတ် ၁၃

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၂) ဈေး၊ ကျောက်ရေတွင်းရပ်ကွက်ဈေးတို့၌ ဖေဖော်ဝါရီ ၂၄ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲအခမ်းအနားများ ကျင်းပသည်။

ဟောပြော

အခမ်းအနားများတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအေးကျော်နှင့် ရပ်ကွက်ဥက္ကဋ္ဌများက မီးဘေးသတိမူရေး၊ ကြိုတင်ကာကွယ်ရေးများကို ဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံထားရှိမှုများကို စစ်ဆေးခြင်း၊ အကြံပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဆယ်ယူရှင်းလင်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့မရပ်ကွက်တူးမြောင်းလမ်းရှိ ရေမြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

အလက(၂) ဝါးခယ်မ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ဝါးခယ်မမြို့ (ဦးဗိုလ်ကြီး) အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစားယူပြီး ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

ကန်တော့ခံ ဆရာကြီးဆရာမကြီးများထံ ဖိတ်စာများပေးပို့ထားပြီး ကျောင်းသားကျောင်းသူဟောင်းများကိုလည်း ပူဇော်ပွဲတက်ရောက်ရန် နှိုးဆော်ထားသည်။

ပါဝင်လှူဒါန်းလိုသူများသည် ဦးသန်းအောင် ဖုန်း-၀၉-၈၆-၀၀၃၇၄၊ ၀၄၂-၆၀၀၅၆၊ ဒေါက်တာမောင်မောင်ကြိုင် ဖုန်း-၀၉-၈၅-၃၇၅၃၄၊ ဒေါ်အေးမြတ်မြတ် ဖုန်း-၀၉-၈၅-၃၇၅၃၃၊ ဒေါ်ခင်ဆွေရီ ဖုန်း-၀၉-၅၀-၈၂၀၁၄နှင့် ဦးဇော်ဝင်း ဖုန်း-၀၉-၅၁-၀၉၈၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခရိုင်ချင်းဆက်လမ်းများ အချိန်မီပြီးစီးရေးဆောင်ရွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ရည်မှန်းချက်အတိုင်းလုပ်ကိုင်

နေပြည်တော် မတ် ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၂ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကား ပြောကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့ပြ သာယာလှပရေး၊ ခရိုင်ချင်းဆက်လမ်းများ အချိန်မီပြီးစီးရေး၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ရေးနှင့် ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ရည်မှန်းချက်အတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက် သွားကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်နှင့် ပြည်နယ်/တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေက အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ဆောင်ရမည့် လုပ်ငန်းများကို သုံးသပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေ ၃နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

သောက်သုံးရေရရှိရေး

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေး အဖွဲ့များအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ၂၀၀၉ခုနှစ် မတ်၁၀ရက်အထိ မြို့ပြလမ်း၂၈၉မိုင် ၁ဖာလုံ၊ ကျေးလက်လမ်း ၇၈၆မိုင် စုစုပေါင်း ၁၀၇၅မိုင် ၁ဖာလုံတို့ကို လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းအသစ်ဖောက်လုပ်ခြင်း ပြီးစီးခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်တွင် မြို့ပြနှင့် ကျေးလက်လမ်း မိုင် ၅၉၃၆မိုင် ၂ဖာလုံရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းမိုင်၃၉၀၅၀ မိုင် ၁ဖာလုံအထိ တိုးတက်ဆောင်ရွက်နိုင်ကြောင်း၊ မြို့ပြရေပေးရေးလုပ်ငန်း ၇၁၆ခုနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်း ၂၃၃၂ခု စုစုပေါင်း ၃၀၄၈ခု ဆောင်ရွက်ရန် လျာထားသည့်အနက် စုစုပေါင်းလုပ်ငန်း ၃၀၃၃ခု ပြီးစီးပြီဖြစ်ကြောင်း၊ အပူပိုင်းဒေသ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းတို့တွင် ၂၀၀၀-၂၀၀၁ခုနှစ်မှ စ၍ ကျေးလက်သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်ခဲ့ရာ ၂၀၀၈ခုနှစ် မတ် ၁၀ရက်အထိ ကျေးလက် ရေရရှိရေးလုပ်ငန်း ၁၂၅၈၄ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပင်ရွှေထီး ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၃

စာရေးဆရာ ဟိန်းဇေ၏ တပင်ရွှေထီး ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**

ယင်းစာအုပ်တွင် ကေတုမတီ တောင်ငူရာဇဝင်၊ သမိုင်းရာဇဝင်၊ သမိုင်းထင်ရှား ဖြောင့်မတ်သည့် မင်းနှစ်ပါး၊ တပင်ရွှေထီးကို ဖွားမြင်ခြင်း၊ မြန်မာ့သမိုင်းတွင် ဘုရင့်နောင် အဖြစ် ကျော်ကြားလာမည့် ရှင်ရဲထွတ်၊ ရှင်ရဲထွတ်နှင့် သခင်ကြီးတို့၏ အပြစ်မကင်းသည့် ချစ်ခြင်း၊ တပင်ရွှေထီး တောင်ငူထီးနန်းကို စိုးစံတော်မူခြင်း၊ သမိုင်းတွင်သည့် သူရဲကောင်းရွေးချယ်ပွဲ၊ ရန်သူ့ နယ်မြေပေါ်မှ နားထွင်းမင်္ဂလာပွဲ၊ ဟံသာဝတီကို အစမ်းချီ၍ တိုက်ခိုက်တော်မူခြင်း၊ ဟံသာဝတီကို အောင်မြင်တော်မူခြင်း၊ နောင်ရိုးတိုက်ပွဲ ဖောင်ဖျက်နွဲသည့်

ကျော်ထင်နော်ရထာ၊ တပင်ရွှေထီးပြည်ကို ချီတက်လုပ်ကြံခြင်း၊နတ်သမီးနှင့်တွေ့သည့် သုရှင်တကာ ရွှတ်ပိ၏ နိဂုံး၊ တပင်ရွှေထီး မုတ္တမကို အောင်တော်မူခြင်း၊ ပြည်တိုက်ပွဲ၊ အင်းဝတွင် သိုဟန်ဘွားကို မင်းကြီးရန်နောင် လုပ်ကြံခြင်း၊ ရာဇဘိသိက်ပွဲ သဘင် ဆင်ယင်ခြင်း၊ ရခိုင်သို့ ချီတော်မူခြင်းစသည့် အကြောင်းအရာများကို စာအုပ်စာတမ်း အကိုးအကား ခိုင်မာစွာ ပြုစုရေးသားထားသည်။

သမိုင်းဆိုင်ရာ ဓာတ်ပုံ၊ မြေပုံများနှင့်အတူ စိုးစာပေ ဖုန်း-၃၇၈၄၁၉၊ ၅၅၃၇၅၇တို့မှ ထုတ်ဝေဖြန့်ချိလိုက်ပြီး စာအုပ် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ်

မစ္စတာနယူတန်ဂုဏရတနာအား ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာနယူတန်ဂုဏရတနာအားခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီလိုက်ပြီး ဖြစ်သည်။

မစ္စတာနယူတန်ဂုဏရတနာသည် ၁၉၄၀ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၄င်းသည် သီရိလင်္ကာနိုင်ငံ သတင်းမီဒီယာ အသိုင်းအဝိုင်းမှဖြစ်ပြီး ၁၉၆၃ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ သီရိလင်္ကာပြန်ကြားရေးကော်ပိုရေးရှင်းတွင်လည်းကောင်း၊ ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ပုဂ္ဂလိကမီဒီယာလုပ်ငန်းများတွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှစတင်၍ သမ္မတ၏ အီလက်ထရွန်နစ်သတင်းပြန်ကြားရေးဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနယူတန်ဂုဏရတနာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

မတ်၁၃ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.ChhongToeun လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာရင်းကောင်စီဆုနှင့် ပညာရေး ရန်ပုံငွေသို့ အလှူငွေပေးအပ်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ စာရင်းကောင်စီဆုနှင့် ပညာရေးရန်ပုံငွေသို့ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို မတ်၃ရက် နံနက်၉နာရီက စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း(ရန်ကုန်)၌ကျင်းပရာ ဆုနှင့်ပညာရေး ရန်ပုံငွေကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရင်းစစ်ကောင်စီဝင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ကြသည့် ဦးဝင်းသင်က ငွေကျပ် ၇၅၀၀၀၀ နှင့် ဦးသန်းတင်က ငွေကျပ် ၅၀၀၀၀၀နှင့် ဦးလှထွန်းနှင့်အဖွဲ့ လီမိတက်က (FEC၅၀၀)တို့ကို လှူဒါန်းကြရာ ဆုနှင့် ပညာရေးရန်ပုံငွေ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံစာရင်းစစ်ကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းရန်ပုံငွေမှာ ထာဝရငွေပင်ငွေရင်းဖြစ်ပြီး ရရှိသည့် ငွေစုဘဏ် အတိုးဖြင့် ငွေသားဆုများ ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စာရင်းစစ်ကောင်စီက ကြီးမှူး ဖွင့်လှစ်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာ စာရင်းကိုင်သင်တန်း စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ ဘာသာရပ် အသီးသီးတွင် အမှတ်အများဆုံး ရရှိသူများအား မြန်မာနိုင်ငံ စာရင်းစစ် ကောင်စီဆုနှင့် ပညာရေး ရန်ပုံငွေမှ ငွေသားဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

ဆက်သွယ်လှူဒါန်း

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်းနှင့် စာရင်းကိုင်သင်တန်း အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက်တွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် သင်တန်းကျောင်း ဖုန်း-၂၂၃၁၄၃၊ ၂၂၇၂၄၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity) ဖြစ်ပေါ်ပြီး မီးလောင်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့် ဒေသဆိုင်ရာညှိနှိုင်းရေးမှူးတို့ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၁၃

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ (UNHCR)ရုံးမှ ဒေသဆိုင်ရာညှိနှိုင်းရေးမှူး Mr.Raymond Hall တို့သည် မတ်၇ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး မတ်၈ရက်တွင် ပုဂံညောင်ဦးသို့ သွားရောက် လေ့လာကြသည်။

တွေ့ဆုံ

မတ်၉ရက်တွင် နေပြည်တော်၌ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီးဦးဘဏ်ဝင်းနှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့အား တွေ့ဆုံခဲ့သည်။

လေ့လာ

မတ် ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်ကို လေ့လာကြပြီး မွန်းလွဲပိုင်းတွင် စစ်တွေဟိုတယ်၌ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စစ်တွေမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့်စာကြည့်တိုက်၊ ပွိုင့်ရှုခင်းသာတို့ကို လေ့လာကြသည်။

ကြည့်ရှု

မတ်၁၁ရက် နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် အောက်နန်းကျေးရွာ၌ UNHCR က ဆောက်လုပ်ပေးထားသည့် အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ UNDP ရုံး၌ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်ကို ကြည်ညိုကြသည်။

ပြန်လည်ထွက်ခွာ

မတ် ၁၂ရက် နံနက်ပိုင်းတွင် မြိတ်မြို့နယ်အတွင်း လှည့်လည်သွားရောက်လေ့လာကြပြီး ညနေပိုင်းတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူအား တွေ့ဆုံကာ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

14-3 (07).pmd 1 3/14/2009, 12:59 AM

● *ကျောဖုံးမှ*

ယခုအခါပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များနှင့်တောင်သူလယ်သမားများတို့ပူးပေါင်းကာ နွေစပါးစိုက်ပျိုးရေးကို အရှိန်အဟုန်မြှင့်တင်လျက်ရှိသည့် အချိန်ကာလလည်းဖြစ်သည်။

ကွင်းဆင်း

သတင်းအဖွဲ့သည် နွေစပါးစိုက်ပျိုးရေး စီမံချက်များ ချမှတ်ဆောင်ရွက်လုပ်ကိုင်နေသည့် မန္တလေးတိုင်း ရမည်းသင်းမြို့နယ်သို့ မကြာမီက သွားရောက်ကွင်းဆင်းလေ့လာခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်မြိုင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

"ကျွန်တော်တို့ ရမည်းသင်းတစ်ခရိုင်လုံးအနေနဲ့ ဒီ၂၀၀၈-၂၀၀၉ ခုနှစ် စိုက်ပျိုးရေးရာသီမှာ နွေစပါးစိုက်ဧက ၃၀၀၀ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်၊ ရမည်းသင်းမြို့နယ်မှာတော့ နွေစပါးစိုက်ပျိုးဖို့ ရေရရှိရေးအတွက် နည်းလမ်းသုံးသွယ်နဲ့ ဆောင်ရွက်နေပါတယ်၊ အဲဒါတွေကတော့ ဆည်ရေအသုံးပြုစိုက်ပျိုးရေး၊ သဘာဝစီးဝင်ရေနဲ့ စိုက်ပျိုးရေး၊ ရေစုပ်စက်များအသုံးပြုစိုက်ပျိုးရေးတို့ပဲဖြစ်ပါတယ်။

စိုက်ပျိုးတဲ့စပါးမျိုးတွေကတော့ ဆင်းနွယ်ရင်၊ သုခရင်၊ ရေဆင်းလုံးသွယ်နဲ့ဆင်းသုခမျိုးတွေဖြစ်ပါတယ်။ ဒီမျိုးတွေကတော့ တစ်ဧကကို တင်း ၁၀၀ကျော်ထွက်ရှိတဲ့မျိုးတွေပါ။ နွေစပါးကမိုးစပါးထက်အထွက်ပိုကောင်းပါတယ်၊ နေရောင်ခြည်ပိုမိုရရှိမှုနဲ့ ပိုးမွှားကျရောက်မှု နည်းတာကြောင့် အထွက်ပိုကောင်းတာ ဖြစ်ပါတယ်" ဟု ဦးအောင်မြိုင်က ရှင်းပြသည်။

"ကျွန်တော်တို့ မြန်မာ့စိုက်ပျိုးရေးအတွက် အဓိကရည်ရွယ်ချက်ကတော့ တောင်သူစိုက်တဲ့သီးနှံတိုင်းမှာ အထွက်နှုန်းကောင်းဖို့၊ နည်းပညာတွေပေးဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ရှာဖွေပေးဖို့ဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ စိုက်ပျိုးရေးဝန်ထမ်းတွေဟာ စိုက်ချိန် ပျိုးချိန်ရာသီတိုင်းမှာ တောင်သူတွေနဲ့ အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်" ဟု ဦးအောင်မြိုင်က ဆက်လက်ရှင်းပြသည်။

လက်ပွန်းတတီး

ထို့အပြင် စိုက်ပျိုးရေးလက်ထောက်မန်နေဂျာ ဒေါ်ယဉ်ယဉ်မာကလည်း "ကျွန်မတို့ စိုက်ပျိုးရေးဝန်ထမ်းတွေဟာ တောင်သူလယ်သမားတွေနဲ့ လက်ပွန်းတတီးပါဝင်လုပ်ကိုင်ကြရပါတယ်၊ သူတို့စိုက်တဲ့အချိန်မှာ ကျွန်မတို့လည်း ကွင်းထဲဆင်းကြရပါတယ်၊ သူတို့ကို ဘယ်လိုစိုက်၊ ဘယ်မျိုးသုံး၊ ဘယ်ဆေးဖျန်းစသည့် နည်းပညာတွေဖြန့်ဝေပေးရပါတယ်၊ ဒီလိုကွင်းဆင်းပြီး နည်းပညာတွေပေးတာ အထိရောက်ဆုံး ပညာပေးနည်း ဖြစ်ပါတယ်၊ ကျွန်မတို့ ဒီလိုနည်းပညာတွေ ပြောပေး၊ ပြပေးလို့ တောင်သူတွေ သီးနှံအထွက်နှုန်း ကောင်းတယ်ဆိုရင် ကျွန်မတို့လည်း ပျော်တာပေါ့" ဟု ဝမ်းသာအားရ ရှင်းပြသည်။

"ရမည်းသင်းမြို့နယ်အတွင်းမှာ နွေစပါးအတွက် စိုက်ပျိုးရေရရှိရေး နည်းလမ်းသုံးသွယ်နဲ့ ဆောင်ရွက် လျက်ရှိပါတယ်"
ဦးအောင်မြိုင်(စိုက်ပျိုးရေးမန်နေဂျာ)

ကျီးနီကန်

သတင်းအဖွဲ့သည် ရမည်းသင်းမြို့နယ်အတွင်း နွေစပါးစိုက်ဧကအများဆုံးစိုက်ပျိုးရေး၊ စိုက်ပျိုးရေဖြန့်ဝေပေးနေသည့် ရမည်းသင်းမြို့အရှေ့ဘက်ရှိ ကျီးနီကန်သို့သွားရောက်လေ့လာခဲ့သည်။ ယင်းကျီးနီကန်ကြီးသည် ကန်ဟုဆိုသော်လည်း ဆည်ကြီးတမျှရေဝင်ရောက်မှု ကောင်းနေသည်ကို တွေ့ရသည်။ ကျီးနီကန်ကြီးမှာ ရှေးခေတ်အဆက်ဆက်က ဆည်ဖို့ခဲ့သည့် ကန်ကြီးပင်ဖြစ်သည်။ ယင်းကန်ကြီးကိုပြီးခဲ့သည့်နှစ်က နိုင်ငံတော်က ပြန်လည်ဆည်ဖို့ပေးခဲ့သဖြင့် ရေဝင်ပိုကောင်းကာ နွေစပါးစိုက်ပျိုးရေးအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

နည်းလမ်းသစ်

အဆိုပါကျီးနီကန်ကြီး၏အောက်ရေသောက်ဧရိယာအတွင်း တောင်သူလယ်သမားများ နွေစပါးများစိုက်ပျိုးလျက်ရှိရာ အချို့နေရာများတွင် ပျိုးခင်းများ၊ အချို့နေရာများတွင် ကြဲသားစိုက်ခင်းများ၊ အချို့နေရာများတွင် ဆီဒါ(Seedor)ခေါ် အစေ့ချစိုက်ပျိုးကိရိယာဖြင့် စိုက်ပျိုးသည့် စပါးခင်းများကို တွေ့ရလေသည်။ မျိုးစေ့ချ ကိရိယာအသုံးချပြီး စိုက်ပျိုးသဖြင့် တစ်နေ့ဆွဲလျှင် လေးဧကစိုက်ပျိုးနိုင်ကြောင်း သိရသည်။ ယင်းစိုက်ပျိုးနည်း စနစ်မှာ အချိန်ကုန်၊ ငွေကုန်သက်သာစေသည့် နည်းလမ်းသစ်ဖြစ်ကြောင်း သိရသည်။

နွေစပါး

ထို့အပြင် လယ်ကွင်းများ၌ ကောက်စိုက်နေကြသော ကောက်စိုက်သမများ ဟိုတစ်စု၊ သည်တစ်စု အပြိုင်အဆိုင် စိုက်ပျိုးနေသည့် မြင်ကွင်းကိုလည်း တွေ့ခဲ့ရသေးသည်။ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ရမည်းသင်းမြို့နယ်၌ သစ်ဆုံဆည်၊ ကျီးနီကန်၊ မယ်အောင်ကန်၊ နွားထိုးကန်၊ ငွေးတောက်ကန်၊ တာအိုင်ကန်နှင့် လဲမြူဆည်တို့မှ စိုက်ပျိုးရေကို အသုံးပြုပြီး နွေစပါးများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်က နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့်ဆည်တမံပေါင်း ၂၁၉ခုအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၊ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စပါးအပါအဝင် မိုးသီးနှံနှင့် ဆောင်းသီးနှံများ စိုက်ပျိုးလာနိုင်ပြီဖြစ်သည့်အပြင် နွေစပါးပါ စိုက်ပျိုးလာနိုင်ပြီ ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရမည်းသင်းမြို့နယ် ကုလားမျောကျေးရွာအနီး သစ်ဆုံ ဆည်ရေသောက် နွေစပါးစိုက်ခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

ရမည်းသင်းမြို့နယ် ကျီးနီကန်ကြီးမှ နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေများ လက်တံမြောင်းဖြင့် ရေထုတ်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

ရမည်းသင်းမြို့နယ် ကျီးနီကန်ကြီးအနီး နွေစပါးစိုက်ပျိုးနေသော မြင်ကွင်း။
(မြန်မာ့အလင်း)

နိုင်ငံတော်က နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဆည်တမံပေါင်း ၂၁၉ခုအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ချောင်းပိတ် မြောင်းပိတ် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စပါးအပါအဝင် မိုးသီးနှံနှင့် ဆောင်းသီးနှံများ စိုက်ပျိုးလာနိုင်ပြီဖြစ်သည့်အပြင် နွေစပါးပါ စိုက်ပျိုးလာနိုင်ပြီဖြစ်။

✻ ရွှေဖုံးမှ

ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းအား ခရိုင်အတွင်း ရော်ဘာစိုက်ပျိုးမှု အခြေအနေကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မြန်မာ့အလင်း - ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ခင်ဗျား၊ ကွမ်းလုံခရိုင်အတွင်း ရော်ဘာကို ဘယ်အချိန်က စစိုက်ပါသလဲ ခင်ဗျား။

ဦးတင်မောင်ဝင်း - ဟုတ်ကဲ့၊ ၁၉၉၅-၁၉၉၆ခုနှစ်လောက်ကစပြီး ကွမ်းလုံမြို့မှာ စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။

မေး - ခရိုင်အတွင်း ဘယ်နဧကလောက် စိုက်ပျိုးပါသလဲ။

ဖြေ - ကွမ်းလုံမြို့မှာ ဧက၃၂၀၀၊ ဟိုပန်မြို့မှာ ၃၇၆၃ ဧက စုစုပေါင်း ၆၉၆၃ဧက စိုက်ပျိုးပါတယ်။

မေး - အစေးလှီး ဧကလေးလဲ သိပါရစေ။

"အခုဆိုရင် ကွမ်းလုံခရိုင်အတွင်း ရော်ဘာစိုက်ခင်းတွေ လက်ညှိုးထိုး မလွဲတော့ပါဘူး"

ဦးကြာဝင်း
ခရိုင်မန်နေဂျာ
မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း။

ဖြေ - အစေးလှီး ဧကကတော့ ကွမ်းလုံမှာ ဧက၃၀၀၊ ဟိုပန်မြို့မှာ ၉၈၃ဧက စုစုပေါင်း ၁၂၈၃ဧက ဖြစ်ပါတယ်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးကြာဝင်းအား မေးမြန်းခဲ့သည်။

မြန်မာ့အလင်း - ဦးကြာဝင်းခင်ဗျား၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်မှာ ရော်ဘာ စတင်စိုက်ပျိုးဖြစ်ပုံလေး ပြောပြပေးပါဦး။

ဦးကြာဝင်း - ကွမ်းလုံခရိုင်အတွင်းမှာ ဘိန်းစိုက်ပျိုးတာ လုံးဝ ပပျောက်သွားလို့ ယခင် ဘိန်းစိုက်ပျိုးခဲ့တဲ့ မြေလွတ်မြေရိုင်းတွေ၊ တောင်ကတုံးတွေမှာ ဘိန်းအစားထိုးသီးနှံ ရော်ဘာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရှမ်းပြည်နယ်လို အေးတဲ့ဒေသနဲ့ကိုက်ညီမယ့် သုတေသနပြုပြီးဖြစ်တဲ့ RRIM 600, RRIM 623, GT1, PR 107 မျိုးတွေကို စိုက်ပျိုးစေခဲ့ပါတယ်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းကလည်း လိုအပ်တဲ့ စိုက်ပျိုးနည်းစနစ်များ အကူအညီပေးတာ အောင်မြင်ဖြစ်ထွန်းခဲ့လို့ တစ်နှစ်ထက်တစ်နှစ် ကွမ်းလုံခရိုင်အတွင်းရှိ မြေလွတ်မြေရိုင်း တောင်ကတုံးများမှာ တိုးချဲ့စိုက်ပျိုးလာခဲ့တာ အခုဆိုရင် ကွမ်းလုံခရိုင်အတွင်း ရော်ဘာစိုက်ခင်းတွေ လက်ညှိုးထိုးမလွဲဘူး။

ထို့နောက် စီးပွားဖြစ် ရော်ဘာစိုက်ပျိုးနေသော ဟိုပန်မြို့နယ်ရှိ ဝေဆာကုမ္ပဏီတာဝန်ခံ ဦးဇော်ဝင်းအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ့အလင်း - ဦးဇော်ဝင်းအောင်ခင်ဗျား၊ ရော်ဘာ ဘယ်နဧက စိုက်ပျိုးပါသလဲ။

ဦးဇော်ဝင်းအောင် - ဟုတ်ကဲ့၊ စိုက်ဧက ၃၈၀လောက်ရှိပါတယ်၊ အစေးလှီး ဧက ၁၃၀ ရှိပါတယ်။

မေး - ဘယ်နှခုနှစ်က စတင်စိုက်ပျိုးပါသလဲ။

ဖြေ - ၁၉၉၅-၁၉၉၆ခုနှစ်က ဧက ၁၀၀ စိုက်ပျိုးပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခဲ့တာပါ။

မေး - အစေးလှီးနည်းလေးလဲ ရှင်းပြပေးပါဦး။

ဖြေ - အစေးကို အပင်သက်တမ်း ခုနစ်နှစ်သားအရွယ် လုံးပတ်လက်မ၂၀ရှိရင် စတင်လှီးပါတယ်။ အပင်အောက်ခြေမှ လေးပေအမြင့်တွင် အစောင်း၃၅-၄၀ဒီဂရီလှီးရပါတယ်။ လှီးတဲ့အခါမှာ ဘယ်ဘက်က အမြင့်ထားပြီး ညာဘက်ကို နိမ့်ထားရပါတယ်။ အောက်က ရေတံလျှောက်နဲ့ အစေးခံခွက် ထားရပါတယ်။

မေး - အစေးကို တစ်နှစ်ပတ်လုံး လှီးပါသလားခင်ဗျာ။

ဖြေ - မဟုတ်ပါဘူး။ တစ်နှစ်ကို ကိုးလသာ အစေးလှီးပါတယ်။ ဆောင်းရာသီဖြစ်တဲ့ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေမှာ အစေးမလှီးပါဘူး၊ သိပ်အေးရင် အစေးမထွက်ပါဘူး။ မိုးတွင်းမှာ အစေးအထွက်များပါတယ်။

မေး - အစေးအထွက်နှုန်းလေး သိပါရစေ။

ဖြေ - တစ်ဧက ပေါင် ၆၀၀ကျော် ၇၀၀ထွက်ပါတယ်။

မေး - ရော်ဘာကို ဘယ်လိုပြုလုပ်ပြီး ရောင်းပါသလဲ။

ဖြေ - ရော်ဘာကို ရော်ဘာပြား၊ ရော်ဘာတုံးနဲ့ မှိုင်းခံရော်ဘာများ ပြုလုပ်ပြီး ရောင်းပါတယ်။ တစ်တန် ယွမ် ၁၂၀၀၀ လောက် ရောင်းရပါတယ်။

မေး - အပင်ငယ်စဉ်မှာ ကြားသီးနှံများ စိုက်ပျိုးပါသလား။

ဖြေ - ယာစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်တို့ စိုက်ပါတယ်။

မေး - စိုက်ခင်း အလုပ်သမား ဘယ်လောက်ရှိပါသလဲ။

ဖြေ - စိုက်ခင်းအလုပ်သမား ၆၀လောက် ရှိပါတယ်။

မေး - လစာနဲ့ ထောက်ပံ့ရေးအစီအစဉ်လေးလဲ သိပါရစေ။

ဖြေ - လစာကတော့ ဒေသနှုန်းထားအတိုင်း ပေးပါတယ်။ သက်သာချောင်ချိရေး၊ အလုပ်သမားအိမ်ရာ၊ အားလုံး စီစဉ်ပေးထားပါတယ်။

"ကွမ်းလုံမြို့နဲ့ ဟိုပန်မြို့မှာ ရော်ဘာဧက စုစုပေါင်း ၆၉၆၃ ဧက စိုက်ပျိုးထားပါတယ်" ဦးတင်မောင်ဝင်း

ဥက္ကဋ္ဌ
ကွမ်းလုံခရိုင်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ဆက်လက်၍ ရွှေဝါကျေးရွာအုပ်စုရှိ ကြံတိုင်းအောင် ကုမ္ပဏီပိုင်ရှင် ဦးကျန်ပါအား မေးမြန်းဖြစ်ခဲ့သည်။

မြန်မာ့အလင်း - ဦးကျန်ပါခင်ဗျား၊ ရော်ဘာ ဘယ်နဧက စိုက်ပျိုးသလဲ။

ဦးကျန်ပါ - ၃၀၈ဧက စိုက်ပါတယ်။

မေး - ဘယ်အချိန်က စစိုက်ပါသလဲ။

ဖြေ - ၁၉၉၇ခုနှစ်လောက်ကပါ၊ ဧက၁၄၀ပါ။ နောက်မှ တိုးချဲ့စိုက်ပျိုးခဲ့တာပါ။

မေး - ဝန်ထမ်း ဘယ်နှယောက်ရှိပါသလဲ။

ဖြေ - ဝန်ထမ်းအားလုံး ၈၀ရှိပါတယ်။

မေး - ကိုယ်ပိုင်ပျိုးခင်းများ ရှိပါသလား။

ဖြေ - ရှိပါတယ်။ တခြား ရော်ဘာစိုက်ပျိုးဖို့ စိတ်ဝင်စားတဲ့ ကုမ္ပဏီတွေ၊ ဒေသခံတောင်သူတွေ၊ အဖွဲ့အစည်း အားလုံးကိုလဲ ဖြန့်ဖြူးရောင်းချပေးသွားမှာပါ။

ထို့နောက် ဟိုပန်မြို့နယ် လူငယ့်အားမာန်ရော်ဘာခြံပိုင်ရှင် ဦးမောင်မြင့်အား တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ့အလင်း - ဦးမောင်မြင့်ခင်ဗျား၊ ဟိုပန်မြို့နယ်မှာ ရော်ဘာကို ဘယ်နှခုနှစ်က စတင်စိုက်ပျိုးခဲ့ပါသလဲ။

ဦးမောင်မြင့် - ၁၉၉၆-၁၉၉၇ခုနှစ်က စတင်ပြီး ဧက၃၀၀ စိုက်ပျိုးခဲ့ပါတယ်။ ဧက ၃၀၀နီးပါး အောင်မြင်စွာ အစေးလှီးနေပါပြီ။

ကြံတိုင်းအောင် ရော်ဘာစိုက်ပျိုးရေးခြံတွင် ရော်ဘာပင်များမှ အစေးရည်များ ခြစ်ထုတ်စုဆောင်းနေသည်ကို ဤသို့ တွေ့မြင်ရသည်။ (မြန်မာ့အလင်း)

မေး - ရော်ဘာ စစိုက်ဖြစ်ပုံလေးလဲ ပြောပြပါဦး။

ဖြေ - နိုင်ငံတော်က ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးဖို့ အားပေးတာရယ်၊ ဝန်ကြီးဌာနက လိုအပ်တာ ပံ့ပိုးကူညီတာရယ်၊ ဒေသခံအာဏာပိုင်များရဲ့ ပံ့ပိုးကူညီမှုတို့ကြောင့် စီးပွားဖြစ် စိုက်ပျိုးခဲ့ပါတယ်။

ဟိုပန်မြို့နယ်တွင်လည်း ဘိန်းအစားထိုး စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို တစ်မြို့နယ်လုံး မြေလွတ်၊ မြေလပ်မကျန် စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ကွမ်းလုံမြို့မှ ဟိုပန်မြို့သို့ သွားရာလမ်းတစ်လျှောက် ရော်ဘာစိုက်ခင်းများ မျက်စိတစ်ဆုံး တွေ့မြင်ခဲ့ရသည်။

ဟိုတစ်ချိန်က သောင်းကျန်းသူများ ကြီးစိုးခဲ့ရာဒေသဖြစ်ခဲ့ပြီး ဒေသဖွံ့ဖြိုး တိုးတက်မှု မရှိခဲ့ပါ။ ယခုအခါ ဒေသငြိမ်းချမ်းလာပြီဖြစ်သည့်အတွက် ယခင် ဘိန်းစိုက်ပျိုးရာ နေရာများတွင် ဘိန်းအစားထိုး သီးနှံဖြစ်သည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာခင်းများက နေရာယူနေပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိကာ ဖွံ့ဖြိုးစည်ပင်လာမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

"နိုင်ငံတော်က ရော်ဘာကို အစားထိုးသီးနှံအဖြစ် စိုက်ပျိုးဖို့ အားပေးခဲ့ပါတယ်"

ဦးမောင်မြင့်
လူငယ့်အားမာန်
ရော်ဘာခြံပိုင်ရှင်။

ဟိုတစ်ချိန်က သောင်းကျန်းသူများကြီးစိုးရာ ဒေသဖြစ်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့ပါ။ ယခုအခါ ဒေသ ငြိမ်းချမ်းလာပြီ ဖြစ်သည့်အတွက် ယခင် ဘိန်းစိုက်ပျိုးရာနေရာများတွင် ဘိန်းအစားထိုး သီးနှံဖြစ်သည့် စက်မှုကုန်ကြမ်း သီးနှံ ရော်ဘာခင်းများက နေရာယူနေပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိကာ ဖွံ့ဖြိုးစည်ပင်လာမည် မှာ အမှန်ပင်။

ကွမ်းလုံခရိုင်တွင် ရော်ဘာစိုက်ပျိုးလိုသူများ စိုက်ပျိုးနိုင်ရန်အတွက် စနစ်တကျပျိုးထောင်ထားသော ငါးလသားအရွယ် ရော်ဘာပျိုးပင်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်လျက်ရှိသော အင်းလေးဒေသ

မျိုးမြင့်သန်း(မန်းစက်မြေ)

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး၊ညောင်ရွှေ၊ ပင်းတယ၊ ကလော မြို့နယ်များ၊ တစ်နည်းအားဖြင့် အင်းလေးဒေသသည် ကမ္ဘာလှည့် ခရီးသည်များ အတွက် မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသတစ်ခုအဖြစ် တည်ရှိနေပြီးဖြစ်ပါသည်။

ရေပေါ်တွင် အိမ်ဆောက်နေသူများကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌လည်း တွေ့နိုင်ပါသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်း ကျောက်ဖရား မြစ်တွင်း ရေပေါ်ဈေးတွေ့နိုင်သကဲ့သို့ ဟောင်ကောင်တွင် လှေပေါ်၌အိမ်ဆောက်နေသူ များအားတွေ့မြင်နိုင်ပါသည်။ ကမ္ဘာတစ်ခွင်တွင် ရေပြင်အသုံးပြုသူများသည် အများအားဖြင့် လှေနာဝါကို လက်ဖြင့်သာ လှော်ခတ်ကြပါသည်။ တစ်မူ ထူးခြားစွာ အင်းသားများက ခြေတစ်ဖက်ဖြင့် လှေလှော်ခြင်းသည် မည်သည့် အရပ်ဒေသတွင်မျှ မတွေ့ရသော ကမ္ဘာလှည့် ခရီးသည်များ စိတ်ဝင်စားသည့် အင်းလေးမြင်ကွင်း တစ်ရပ်ဖြစ်ပါသည်။ ခရီးစဉ်ဒေသနှင့် ပတ်သက်၍ ဆွဲဆောင်နိုင်မှုများမှာ ပြည်တွင်း၊ ပြည်ပဧည့်သည်များအားလုံး သိရှိပြီးဖြစ် သဖြင့် ကျွန်တော်ရေးပြရန်လိုမည်မဟုတ်တော့ပါ။ ကချင်ပြည်နယ်၊အင်းတော် ကြီးကန်ပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်သည့် အင်းလေးကန်ကြီးသည် အလျား ၂၂ ကီလိုမီတာ၊ အနံ၁၀ကီလိုမီတာခန့်ရှိပါသည်။ အင်းရေပြင်အတွင်း နေထိုင် အသက်မွေးဝမ်းကျောင်းပြုသည့် လူနေမှုပုံစံ၊ ရေပေါ်ဈေးနှင့် ငါးရက်ဈေးများ၊ ချည်ထည်ပိုးထည်ရက်လုပ်ခြင်း လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ကျောက်တိုင်ရွာအိုး လုပ်ငန်း၊ ရွာမဘော်ငွေပန်းထိမ် လုပ်ငန်းနှင့် အခြားလက်မှုပညာလုပ်ငန်းများ၊ ကျွန်းမျောစိုက်ခင်းများ၊ Trekking ဇရိယာများ၊ တန်ဖိုးကြီး ရှေးဟောင်း အနုလက်ရာ စေတီပုထိုးများမှာ နှစ်လိုဖွယ်မြင်ကွင်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသ တစ်ခုအဖြစ် တည်ရှိနေသည့် အင်းလေးဒေသတွင် လက်ရှိအနေအထား၌ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခို ရိပ်သာ စုစုပေါင်း ၈၇ လုံး၊ အခန်းပေါင်း ၂၁၁၂ ခန်း ရှိပါသည်။ ညောင်ရွှေ မြို့နယ်တွင် ဟိုတယ် ၆၂ လုံးနှင့် အခန်း ၁၀၇၅ခန်းရှိပါသည်။ ဧည့်သည်များ အတွက် ဒေသထွက်ပစ္စည်းများနှင့် ရိုးရာဓလေ့ထုံးစံများ ထင်ဟပ်စေနိုင် သည့်အပြင်အဆင်များ၊ ဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းထားသည့် ဟိုတယ် များကို စိစစ်လေ့လာကြည့်လျှင် သုံးမျိုးသုံးစား ခွဲခြားသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ Diamond, Ruby, Sapphire ဟူ၍ အဆင့်သုံးဆင့်တွင် Diamond ကိုးလုံး၊Ruby ကိုးလုံး၊ Sapphire ၂၄လုံးရှိပါသည်။Diamond အဆင့်များမှာ ပြည်တွင်းလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံ၍ Resort အဆင့်မြင့် ကမ္ဘာလှည့်ခရီးသည်များ တည်းခိုနိုင်ရန်အတွက်လည်းကောင်း၊ Ruby အဆင့်မှာ ကန့်သတ်မှုအခြေအနေအချို့အရ Diamond အဆင့်မမီသော်လည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ထားသဖြင့် ဧည့်သည်နှစ်ခြိုက်မှုများသည့် ဟိုတယ်များအဖြစ်လည်းကောင်း၊ Sapphire အဆင့်မှာဝန်ဆောင်မှုကိုကြိုးပမ်း ထိန်းသိမ်း၍ Economy အဆင့် ဧည့်သည်များစိတ်ချမ်းသာစွာ တည်းခိုနိုင်ရေး စီမံဆောင်ရွက်ထားသည့်အဆင့်အဖြစ်လည်းကောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ခရီးစဉ်ဒေသအတွင်း ကမ္ဘာလှည့်ခရီးသည်များ အတွက် အခန်းလိုအပ်ချက် ပြည့်စုံလုံလောက်စွာ ရှိပါသည်။ ဧည့်သည် ရောက်ရှိမှု အခြေအနေကို လေ့လာကြည့်လျှင် ဟဲဟိုးလေဆိပ်သို့ ဝင်ရောက် မှုမှာ ၂၀၀၇ ခုနှစ်တွင် သုံးသောင်းခုနစ်ထောင်ကျော်နှင့် ၂၀၀၈ ခုနှစ်တွင် နှစ်သောင်း၊ သုံးသောင်းကျော်ဖြစ်ပြီး ပြင်သစ်၊ စပိန်၊ အီတလီလူမျိုးများ အများဆုံး လာရောက်ကြောင်း တွေ့ရှိရပါသည်။

မူလအခြေခံလုပ်ငန်းများဖြစ်သည့် ကျွန်းမျောစိုက်ခင်းနှင့် ငါးလုပ်ငန်း များအပြင် ခရီးသွားလုပ်ငန်း ပိုမို ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Internet cafe, IDD Phone, Air Ticket, Bus Ticket, Bicycle Hiring Service, Boat & Kanu Service, Tea & Cold Drink, Trekking Guide စသည်ဖြင့် အင်္ဂလိပ်စာအသုံးအနှုန်းများနှင့် ရေးသားထားသည့် ဆိုင်းဘုတ်များ မြို့လုံးပတ်လည် လွှမ်းခြုံနေမှုမှာ Tourism ဖွံ့ဖြိုးမှု၏ အသီးအပွင့်များဟုဆိုက မမှားနိုင်ပါ။

အင်းလေးဒေသသည် ဧည့်သည်များ ကြိုက်နှစ်သက်မှုရှိသော ဒေသ အဖြစ် လက်ခံဆောင်ရွက်သကဲ့သို့ မလိုလားအပ်သည့် ဆိုးကျိုးသက်ရောက် ဖွယ်ရာများကိုကာကွယ်ရန် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်လူငယ်များ ပူးပေါင်းဆောင်ရွက်မှုကို တွေ့မြင်ရသည်မှာ လွန်စွာ စိတ်ချမ်းမြေ့ဖွယ်ရာများ ဖြစ်ပါသည်။ ထာဝစဉ်ညီ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု (Sustainable Tourism Development) နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံဆောင်ရွက်မှု (Environmental Planning) များကို တတ်စွမ်းသမျှ ဆောင်ရွက်နေမှုများမှာ မုဒိတာပွားဖွယ်ရာများ ဖြစ်ပါသည်။

အင်းလေးဒေသဆွဲဆောင်မှုများသည် အင်းလေးကန် တည်ရှိနေမှုအပေါ် အဓိကတည်မှီနေသဖြင့် အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ် များကို ဦးစားပေးအဆင့် သတ်မှတ်၍ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေမှုကို ကြည်နူး အားတက်ဖွယ် တွေ့မြင်ရပါသည်။

အင်းလေးကန်ကြီး တိမ်ကောပပျောက်မှု မရှိစေရေးအတွက် အဆင့်ဆင့် စီမံကွပ်ကဲမှုဖြင့် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

- အင်းလေးကန် မတိမ်ကောစေရေးအတွက် ကန်အတွင်းစီးဝင်လာသော ချောင်းများမှ နုန်းများ ပို့ချမှုကို ကာကွယ်တားဆီးရန်။
- အင်းလေးကန်အတွင်းမှဗေဒါ၊ ဒိုက်နှင့်ရေမှော်များဖယ်ရှားပြီး သန့်ရှင်း သာယာအောင် အမြဲဆောင်ရွက်ရန်။
- အင်းလေးကန်အတွင်း လူနေအိမ်ခြေထပ်မံတိုးချဲ့ခြင်းနှင့် ကျွန်းမျော စိုက်ခင်းများ တိုးချဲ့ခြင်းတို့ကို ထိန်းသိမ်းကန့်သတ်ရန်။
- အင်းလေးကန်၏ ပတ်ဝန်းကျင် ရေဝေရေလဲဒေသများ၌ သစ်တော၊ သစ်ပင်များ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများ ပြန်လည်ပြုစု စိုက်ပျိုးခြင်းတို့ဖြင့် အင်းလေးကန် ပတ်ဝန်းကျင်ဒေသများ အမြဲ စိမ်းလန်းစိုပြည်ရန်။
- လောပိတရေအားလျှပ်စစ် စက်ရုံများအတွက် လိုအပ်သော ရေအရင်း အမြစ်များကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ထိန်းသိမ်းဆောင် ရွက်ရန်။
- အထက်ပါ လုပ်ငန်းတာဝန်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်း၍ အကောင်အထည်ဖော်ပြီး အင်းလေးကန်၏ သဘာဝအလှနှင့်တန်ဖိုးကို ထိန်းသိမ်းစောင့်ရှောက်သွားရန် ဟူ၍ဖြစ်ပါ သည်။ ၄င်းလုပ်ငန်းစဉ်များပါ ပိုမိုအဆင်ပြေချောမောစေရန် ဒေသခံ ဟိုတယ်လုပ်ငန်းရှင်များမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင် ရွက်လျှင် ပိုမိုအောင်မြင်နိုင်သည်ဟု ယုံကြည်၍ Diamond , Ruby, Sapphire ဟိုတယ်အမျိုးအစားအလိုက် ဝန်ဆောင်မှု ပိုမိုမြှင့်တင်၍ အခန်းနှုန်းထားများအား Diamond အဆင့် ငါးဒေါ်လာ၊ Ruby အဆင့် သုံးဒေါ်လာ၊Sapphire အဆင့်တစ်ဒေါ်လာ တိုးမြှင့်သတ်မှတ် ၍ ပိုမိုရရှိလာမည့်ဝင်ငွေများအား အင်းလေးကန်ရေရှည်တည်တံ့ရေး နှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးနိုင်ရန် Inlay Task force အား မကြာမီကဖွဲ့စည်း၍ စတင်ဆောင်ရွက် လုပ်ကိုင် လျက်ရှိနေသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းဆိုင်ရာနှင့် ပတ်သက်၍-

(က) Green Hotel
(ခ) Food and Beverage Services
(ဂ) Public Restroom
(ဃ) Home Stay
(င) Ecotourism
(စ) Tourism Heritag ဟူ၍ တစ်ပြေးညီအဆင့်သတ်မှတ် ဆောင်ရွက် နေပြီဖြစ်ပေသည်။

Green Standard Hotel များအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ အင်းလေးဒေသ၊ ညောင်ရွှေ မြို့တွင် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ ဦးဆောင်၍ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအသုံးပြုရန် သင့်လျော်သောအဆင့်အတန်း Green Standard စားသောက်ဆိုင်များ စိစစ်ရွေးချယ်သတ်မှတ်ခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ စက်လှေများ၊ အနေ့ယာဉ်ဆိုက်ကားများအား ဧည့်သည်များ လုံခြုံစိတ်ချမှုနှင့် စိတ်ချမ်းမြေ့စွာအသုံးပြုနိုင်ရေးအပေါ်အခြေခံ၍ Green Standard သတ်မှတ် နိုင်ရေးအတွက် လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်လျက်ရှိခြင်း၊ အမှိုက် စွန့်ပစ်မှုများ စနစ်တကျရှိစေရန် စီမံဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်နေရာ များတွင် အမှိုက်ပုံးများထားရှိခြင်း၊ အင်းလေးကန်အတွင်း ရေထုညစ်ညမ်းခြင်း (water pollution) မဖြစ်စေရေးအတွက် ဗေဒါ၊ ဒိုက်၊ မှော်ဆယ်ယူခြင်း၊ ရေဆိုးရေညစ်များ စီးဆင်းမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း စသည်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများ စီမံ ဆောင်ရွက်လျက် ရှိပါသည်။ Tourist Attraction Area တစ်ခုဖြစ်သည့် အင်းလေးဒေသ ညောင်ရွှေမြို့အား Green and Clean Town စံပြမြို့အဖြစ် စတင်အခြေပြုဆောင်ရွက်နေမှုများမှာ မကြာမီ မျက်ဝါးထင်ထင်အကောင်အထည် ပေါ်လာတော့မည် ဖြစ်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အင်းလေးဒေသအတွင်းရှိ ဒေသခံပြည်သူတို့၏ နေအိမ်များ၌ သစ်ခွပန်းမျိုးစုံနှင့်အခြားပန်းအလှများ စိုက်ပျိုးထားသည်ကို တွေ့ရှိရပါသည်။ သစ်ခွပန်းအလှသည် ကမ္ဘာပေါ်ရှိလူအများစိတ်ဝင်စားသော ပန်းအမျိုးအစားတစ်ခုဖြစ်သည်။ ရှားပါးပြီး အလှကြွယ်လှသည့် မြန်မာ့သစ်ခွ များ ဖော်ထုတ်ပြသခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် ၄င်းအင်းလေးဒေသ တွင် မူလလက်ရှိ ဖောင်တော်ဦးဘုရားပွဲ၊ တန်ဆောင်တိုင်ပွဲတော်၊ မဟာ သင်္ကြန်ပွဲတော်၊ ပင်းတယတပေါင်းပွဲတော် စသည့် ၁၂ လရာသီပွဲတော်များတွင် အင်အားဖြည့်ပါဝင်လုပ်ဆောင်ရန်အတွက်၄င်းသစ်ခွပန်းပြပွဲ၊ Inlay Orchids Images အား အင်းလေး ဖောင်တော်ဦးဘုရားအနီး ငါးဖယ်ချောင်းကျေးရွာ Paramount ဟိုတယ်၌ ၂၀၀၉ ခုနှစ် မတ်လ ၁၅ရက်တွင် စတင်ကျင်းပရန် အင်းလေးဒေသ ဟိုတယ်လုပ်ငန်းရှင် လူငယ်များမှ ဝန်ကြီးဌာန၏ ညွှန်ကြား ချက်ကိုခံယူပြီး အကောင်အထည်ဖော် ဆောင်ရွက်တော့မည် ဖြစ်ပေသည်။

ပင်မပြခန်းတစ်ခုနှင့် တောင်ကြီး၊ ညောင်ရွှေပင်းတယ၊ ကလောမြို့နယ် လေးခုပြခန်းများတွင် သစ်ခွမျိုးစုံ ၁၀၀၀ ခန့် ပြသသွားမည် ဖြစ်ပါသည်။ ထို့ပြင် ဒေသရိုးရာ အစားအစာနှစ်မျိုးစီအား မြို့နယ်အလိုက် ကျွေးမွေးခြင်း၊ ဒေသအတွင်းရှိ တိုင်းရင်းသူများ၏ ဝတ်စားဆင်ယင်မှု သရုပ်ပြခြင်းများအပြင် ဖွင့်ပွဲအခမ်းအနားကို ရိုးရာဓလေ့ လက်မှုပညာများဖြင့်သာ ဖန်တီးလုပ်ဆောင် သွားမည်ဖြစ်ပြီး ကျောင်းတက်လှေ၊ ဆွမ်းပို့လှေ၊ ငါးဖမ်းလှေ၊ ပန်းလှေများ ပါဝင်မည်ဖြစ်ကြောင်းနှင့် ပြပွဲကာလအတွင်း ဒေသထွက်ကုန် ချည်ထည်၊ ပိုးထည်၊ သံထည်များ ရောင်းချသည့် ရေပေါ်ဈေးလည်း ထည့်သွင်းထားရှိ မည်ဟု သိရှိရသည်။

ဒေသခံလုပ်ငန်းရှင်များ၏ ထည့်ဝင်ငွေအပြင် ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ့ ဈေးကွက်မြှင့်တင်ရေးကော်မတီအပါအဝင် အခြားစေတနာရှင်များ၏ဝိုင်းဝန်း ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုထိ ရာခိုင်နှုန်း ၇၀ခန့် ပြီးစီး သွားပြီ ဖြစ်ပါသည်။ ရေး/ဆို စိုးနိုင်ထွန်း(တောင်ကြီး)၏ 'ပန်းအလှ ကန်သာ' သီချင်းနှင့် ရေး/ဆို သားသား၏ 'လှမ်းခဲ့ဆင်နွဲသစ်ခွပွဲ' သီချင်းများလည်း ရေးစပ်ထားရှိပြီးဖြစ်သည်ဟု သိရှိရသည်။

Best Floral Float ပန်းလှေအလှဆင်ဆု၊ Best Floral Decor ပန်းရုံ အလှဆင်ဆု၊ Best Tradition Elegance ရိုးရာဟန်ပေါ်လွင်မှု အကောင်းဆုံး ဆု၊ Best Tourism Image ခရီးသွားဟန်ပေါ်လွင်မှု အကောင်းဆုံးဆုနှင့် ဂုဏ်ပြုဆုလေးဆု ချီးမြှင့်မည်ဖြစ်သဖြင့် မြို့နယ်တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေမှုများမှာ တက်ကြွသော စိတ်ကူးများ၏ ရလဒ်များ ဖြစ်ပါသည်။ ပင်းတယမြို့နယ်မှ လူငယ်လုပ်ငန်းရှင်များဆိုလျှင် အရှေ့မြင် အနောက်မြင် တောင်ပေါ်တောနက်အထိ ရှားပါးသစ်ခွပင်များ သွားရောက် စုဆောင်းခဲ့သည်ဟု သိရှိရပါသည်။ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်မှု တစ်ရပ်ဖြစ်စေရန် နှစ်စဉ်ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

အင်းလေးဒေသသည် ဧည့်သည်များ ကြိုက်နှစ်သက်မှုရှိသော ဒေသအဖြစ် လက်ခံဆောင်ရွက်သကဲ့သို့ မလိုလားအပ်သည့် ဆိုးကျိုး သက်ရောက်ဖွယ်ရာ များကိုကာကွယ်ရန် ဒေသအာဏာပိုင်အဖွဲ့ အစည်းများနှင့် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်လူငယ်များ ပူးပေါင်းဆောင်ရွက်။

ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာတွင် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

ဖျာပုံ မတ် ၁၃

ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၄ရက် နံနက် ၈နာရီက သမိန်ထောကုန်းတန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

တင်ဆက်ဖျော်ဖြေ

အခမ်းအနားတွင် ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူနှင့် ကျူကဒွန်းရဲစခန်းမှူး ရဲအုပ်စိုးလှအောင် **(ယာပုံ)**တို့က နယ်မြေအတွင်း မှုခင်းများဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရန်ကုန်မြို့မှ ရောက်ရှိလာကြသော စာရေးဆရာများ ဖြစ်ကြသည့် ဒါရိုက်တာဦးယဉ်ကျော်၊ အဏ္ဏဝါစိုးမိုးနှင့် စုံထောက်မောင်ရေခဲတို့က မှုခင်းကျဆင်းရေးပညာပေးနှင့် စာပေရေးရာများကို ဟောပြောကြပြီး အသံတုရဲမြင့်လေးက ဖျော်ဖြေမှုအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေသည်။

အခမ်းအနားသို့ သမိန်ထောကုန်းတန်းကျေးရွာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။ (၁၃၈)

၂၀၀၈ခုနှစ် အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆု ရရှိခဲ့သည့် ထင်အောင်(အင်းစိန်)၏ အဖြူအမည်းကဏ္ဍတွင် ပထမဆုရ ဓာတ်ပုံလက်ရာ။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

စိတ်ကြိုက်ဒီဂျစ်တယ်ကဏ္ဍတို့ ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံမှဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဖြူ၊ အမည်း

ရှုချင့်စဖွယ်(အဖြူ၊ အမည်း)ကဏ္ဍတွင် ပထမ ထင်အောင်(အင်းစိန်) FMPS၊ ဒုတိယထွန်းအောင်(မြန်မာစာ)၊ တတိယ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်) AMPS တို့ အသီးသီးဆွတ်ခူးရရှိခဲ့သည်။ နှစ်သိမ့်ဆုများအဖြစ် သက်ဇော်ဦး၊ ထင်အောင်(အင်းစိန်) FMPS နှင့် လမင်းနိုင်တို့ရရှိခဲ့သည်။

ဆေးရောင်စုံ

ရှုချင့်စဖွယ်(ဆေးရောင်စုံ)ကဏ္ဍတွင် ပထမဆုထင်အောင်(အင်းစိန်) FMPS၊ ဒုတိယဆု ဒေါက်တာမျိုးမင်းနှင့် တတိယဆုဇော်လင်း(Scorpion)တို့က ဆွတ်ခူးရရှိခဲ့သည်။ နှစ်သိမ့်ဆုများအဖြစ် ထင်အောင်(အင်းစိန်) FMPS၊ ပြည်စိုးထွန်း(ပန်းချီ)ကော့သောင်းနှင့် အောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့ ဆွတ်ခူးခဲ့ကြသည်။

သဘာဝလေ့လာချက်

သဘာဝလေ့လာချက်ကဏ္ဍတွင် ပထမဆု ညွှန့်နိုင်(ဘော်တွင်း)၊ ဒုတိယဆု ထင်အောင်(အင်းစိန်) FMPS နှင့် တတိယဆု ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်) AMPS တို့က ဆွတ်ခူးရရှိခဲ့သည်။ နှစ်သိမ့်ဆုများအဖြစ် မောင်မောင်ဦး(Agri)၊ ဇေမောင်သိန်း(မန်းတက္ကသိုလ်)နှင့် ဦးစိန်ထွန်း(စမ်းချောင်း)တို့က ရရှိခဲ့ကြသည်။

လူပုံ(ဆေးရောင်စုံ)ကဏ္ဍတွင် ပထမဆု စောအောင်မင်း(နယူးအာရှ) AMPS၊ ဒုတိယဆု ညောင်ဦးဖိုးချို့နှင့် တတိယဆု ထင်အောင်(အင်းစိန်) FMPS တို့က အသီးသီးဆွတ်ခူးရရှိခဲ့သည်။ နှစ်သိမ့်ဆုများမှာ မောင်မောင်ဝင်းကို(Sun Star)၊ ပြည်စိုးထွန်း(ပန်းချီ)ကော့သောင်းနှင့် နှစ်သိမ့်ဆု သုံးဆုအဖြစ် မောင်မောင်ဝင်းကို (Sun Star)တို့က ရရှိခဲ့ကြသည်။

စိတ်ကြိုက်ဒီဂျစ်တယ်ကဏ္ဍတွင် ပထမဆု ပြည်စိုးထွန်း(ပန်းချီ)ကော့သောင်း၊ ဒုတိယဆု မြတ်ရွှေ(ပန်းချစ်သူ)နှင့် တတိယဆု သက်နိုင် (ဘာမျူဒါ)တို့က ဆွတ်ခူးရရှိခဲ့သည်။ နှစ်သိမ့်ဆုများကို ပြည်စိုးထွန်း(ပန်းချီ)ကော့သောင်း၊ ထင်အောင် (အင်းစိန်)FMPS နှင့် ထွန်းအောင် (မြန်မာစာ)တို့က ရရှိခဲ့ကြသည်။

တံခွန်စိုက်ဆု

ပြိုင်ပွဲကဏ္ဍ ငါးရပ်စလုံး၌ ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကဏ္ဍများမှတစ်ကဏ္ဍလျှင် ပထမတစ်ဆုရရှိပြီး အမှတ်အများဆုံးရရှိသော ထင်အောင်(အင်းစိန်) FMPS သည် ၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး ဓာတ်ပုံပညာရှင်တံခွန်စိုက်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၄၁)ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှု ကော်မတီစည်းဝေး

နေပြည်တော် မတ် ၁၃

(၄၁)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီအစည်းအဝေး (The Forty First Meeting of the ASEAN Coordinating Committee on Investment (41[st] CCI) ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် မတ် ၁၁ရက်မှ ၁၂ရက် အထိ ညောင်ဦးမြို့ ရွှေနန်းတော်ဟိုတယ်၌ လက်ခံကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံစီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အရ ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အာဆီယံဒေသတွင်းနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာနိုင်ငံတောင်ပိုင်း၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ်လ ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေး တိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မတ် ၁၃

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ ကြိုဟ်တုမိုးလေဝသတိုင်းတွာချက်များအရ ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေးဟောပြောပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့နှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့သည် မတ် ၁၂ရက်က မရမ်းကုန်းမြို့နယ် အနောက်ပိုင်းခရိုင် ယာဉ်လိုင်းရုံး၌ အနောက်ပိုင်းခရိုင်စီမံအောက်ရှိ ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်း ၁၄၈ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

အေးသာယာမြို့သစ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် မတ် ၁၃

တောင်ကြီးမြို့နယ် မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ရှိ ငွေမင်းသား စားသောက်ဆိုင် သဇင်ဆောင်ကို မတ်၁၀ ရက် မွန်းလွဲ၁နာရီခွဲက ဝင်ရောက်ရှာဖွေရာ မျိုးဇော်ဝေနှင့်မောင်မောင်လွင်(ခ)အစီးဗျာတို့နှစ်ဦးအား တွေ့ရှိရပြီး မျိုးဇော်ဝေ၏ လွယ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား အပြား ၅၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မျိုးဇော်ဝေအား စစ်ကြောချက်အရ ကွင်းဆက်တရားခံ မျိုးဇော်ဝေ၏ဇနီး မမာပရီအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၄င်းတို့သုံးဦးအား အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အခြားကွင်းဆက်တရားခံများအား ဖမ်းဆီး ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုရစာအုပ်များ ကြေညာ

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီကြီးကြပ်မှုဖြင့် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ်စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုသတ္တမအကြိမ်အဖြစ် ၂၀၀၇ ခုနှစ်ထုတ် စာအုပ်များထဲမှ ရွေးချယ်၍ရရှိသော ဆုရစာအုပ် သုံးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်သည်။ ဆရာဝန်တင်ရွှေသည် **“တင်ရွှေစာပေတိုက်”** ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်တစ်ဦးအဖြစ်လည်း ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ဆက်သွယ်

ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော ၂၀၀၇ ခုနှစ်အတွင်းထုတ် စာအုပ်များအနက်မှ ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးကော်မတီက ချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များမှာ ဆရာမ ခင်မြဇင်ရေးသားသည့် **“မျိုးဆက်သုံးဆက် မြန်မာအမျိုးသမီးပန်းချီဆရာမများ”** စာအုပ်၊ ဆရာဒေါက်တာကျော်မြင့် (ဓာတ်မှန်) ရေးသားသည့် **“အိုဂျီဦးစိုးမြင့်၏ ဘဝမှတ်တမ်း”**စာအုပ်နှင့် ဆရာမ မသီဂီ ရေးသားသည့် "Shwedagon Mystique"အမည်ရှိ စာအုပ်တို့ဖြစ်ကြသည်။ ဆုရွေးချယ်ကြောင်း အကြောင်းကြားသည့်စာကို ဆုရစာအုပ်ရေးသူများထံ **“တင်ရွှေစာပေ”**က ဆက်လက်အကြောင်းကြားစာပေးပို့မည်ဖြစ်ပြီး တင်ရွှေစာပေ ဖုန်း ၀၁-၆၈၁၉၅၈၊ ၀၉- ၅၁-၁၇၆၈၃ တို့သို့ ဆက်သွယ်နိုင်သည်။

ထပ်မံကြေညာမည်

သတ္တမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

ထိုသို့ လူဦးရေ တိုးနှုန်းမြင့်မားမှုတွင် အာရှနှင့် အာဖရိကနိုင်ငံများ၏ လူဦးရေတိုးပွားမှုမှာ အများဆုံးဖြစ်လာမည်ဟု ၄င်းတို့က သုံးသပ်လျက်ရှိသည်။ အာရှနှင့် အာဖရိကနိုင်ငံများအနေဖြင့် လက်ရှိလူဦးရေတိုးပွားမှုနှုန်းအတိုင်း ဆက်လက် ဖြစ်ပေါ်နေပါက ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ကိုးဘီလီယံအထိ ရောက်ရှိလာမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

သိသာစွာ

ကမ္ဘာ့လူဦးရေတိုးပွားနှုန်းမှာ ပြီးခဲ့သည့် ၂၀၀၆ခုနှစ်မတိုင်မီက ယခုကဲ့သို့ ကြီးမားသော ပမာဏဖြင့် သိသာစွာ တိုးပွားခဲ့ခြင်းမဟုတ်ကြောင်း၊ ၂၀၀၆ခုနှစ် နောက်ပိုင်း ကမ္ဘာ့လူဦးရေမှာ သိသာစွာ တိုးပွားလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိများက ပြောကြားသည်။

သတိပေးထား

ကမ္ဘာ့လူဦးရေတိုးပွားနှုန်း၏ လက်ရှိအနေအထားအရ ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ဒသမ၁ဘီလီယံခန့် ရှိလာမည်ဟု ကုလသမဂ္ဂလူဦးရေဆိုင်ရာ ဌာနအကြီးအကဲ ဟာနီရာဇယော့နစ်က သတိပေးထားသည်။

မွေးဖွားနှုန်း

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများရှိ အိမ်ထောင်သည်အမျိုးသမီးတစ်ဦးလျှင် ကလေးပျမ်းမျှ ၂ဒသမ၅၆ဦးနှုန်းခန့် မွေးဖွားလျက်ရှိရာ နှစ်စဉ် ၂ဒသမ၀၂နှုန်း အထိ မွေးဖွားနှုန်း လျော့ကျသွားရန် ကြိုးစားဆောင်ရွက်သွားမည်ဟု ၄င်းက ပြောကြားသည်။

ထိန်းထားနိုင်

လူဦးရေတိုးပွားနှုန်းနှင့် ပတ်သက်၍ ထိန်းချုပ်သွားပါက လာမည့် ၂၀၅၀ပြည့်နှစ်တွင် ရှစ်ဘီလီယံထက်ပိုမများသော လူဦးရေ၌သာ ထိန်းထားနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်၌ လူဦးရေတိုးပွားနှုန်းနှင့် ပတ်သက်ပြီး ရှေ့တန်းရောက်နေသော နိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယား၊ အီသီယိုးပီးယား၊ အမေရိကန်၊ ကွန်ဂို နိုင်ငံတို့အပြင် လူဦးရေတိုးပွားမှုအများဆုံးမှာ အိန္ဒိယ၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယားနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်သည်ဟု ဆိုသည်။

အများဆုံး

ထို့အပြင် တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ လူဦးရေနှင့်ပတ်သက်ပြီး တိုးပွားမှုအများဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဖူဆယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ရက်ရွှေ့ကျင်းပမည်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် အမျိုးသားအလွတ်တန်း ဖူဆယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မူလက မတ်၂၁ရက်တွင်ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ပြိုင်ပွဲဝင်အသင်းများ ပြင်ဆင်လေ့ကျင့်ချိန် ပိုမိုရရှိစေရန်အတွက် မတ် ၂၁ရက်အစား မတ်၂၈ရက်(စနေနေ့)တွင် ပြောင်းလဲ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်လိုသည့်အသင်းများသည် စာရင်းပေးပို့ရက်ကို မတ် ၂၃ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်းသိရပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး ဖုန်း-၅၇၇၃၆၆နှင့် ဖူဆယ်ဆပ်ကော်မတီအတွင်းရေးမှူး ဦးကြည်မင်းသိမ်း ဖုန်း-၀၉-၈၀-၃၀၅၂၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ဘောလုံးအဖွဲ့ချုပ်)

မြေသားလမ်း အုတ်တွင်းတွင်ဖွင့်

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အုတ်တွင်းဂူကြီးကုန်းကျေးရွာ မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(၃၁၆)

သက္ကလအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း ကဝမြို့နယ် သက္ကလစံပြကျေးရွာ အထကကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် အသက် ၅၉နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ်၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သက္ကလအထကခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပူဇော်ပွဲတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

နှစ်ကျော့ပေါင်း ၁၀ဂိုးသွင်းပြီး ကွာတားဖိုင်နယ်တက်သည့် စီးပွား/ကူးသန်းနှင့် ဒုတိယအကျော့တွင် အရေးနိမ့်သော်လည်း နောက်တစ်ဆင့်တက်သွားသည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ်ရှုံးထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်များကို ယနေ့ညနေသုံးနာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့မှာ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနဲ့ မြို့တော်စည်ပင်အသင်းတို့ အနိုင်ရသွားကြပါတယ်။

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း	-	ခြောက်ဂိုး
ကာကွယ်ရေးဝန်ကြီးဌာန	-	တစ်ဂိုး

ပထမအကျော့တုန်းက လေးဂိုးပြတ်နဲ့ အနိုင်ရထားခဲ့ပေမယ့် စီးပွား/ကူးသန်း အသင်းဟာ အခုပွဲမှာ ဇော်လင်းထွန်း၊ မင်းသူ၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်တို့နဲ့ လူစုံထုတ်သုံးပြီး ဂိုးသွင်းစွမ်းရည် ထပ်မံပြသွားခဲ့ပါတယ်။ ၁၇နှစ်ကြာ ဝေးကွာနေတဲ့ အမှတ်ပေးချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့လို့ စိတ်ဓာတ်တက်နေတဲ့ စီးပွား/ကူးသန်းအသင်းဟာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ကျော့ပေါင်း ၁၀ဂိုးသွင်းကာ ဘိုင်ရပြီး ကွာတားဖိုင်နယ်မှာ အသင့်စောင့်နေတဲ့ လယ်ယာ/ဆည်မြောင်းနဲ့ တွေ့ဆုံဖို့ တက်ရောက်သွားပြီ ဖြစ်ပါတယ်။



ဘဏ္ဍာ/အခွန်မှ ထွန်းထွန်းဝင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မြို့တော်စည်ပင် နောက်ခံလူ ဟန့်တားခဲ့စဉ်။ (မြန်မာ့အလင်း)

ဦးဆောင်နေ

ပထမအကျော့မှာ ဂိုးပြတ်နိုင်ထားလို့ နောက်တစ်ဆင့်တက်ဖို့ သေချာသလောက် ရှိနေပေမယ့် စီးပွား/ကူးသန်းဟာ အမာခံတွေထုတ်သုံးခဲ့တာကြောင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း ကစားကွက်ပိုင်းအရ ဘယ်လိုမှမယှဉ်နိုင်ခဲ့ပါဘူး။ ၃၁မိနစ်မှာ မျိုးဇော်ထွန်း၊ ၄၂မိနစ်မှာ ရာဇာဝင်းသိန်းတို့က အနိုင်ဂိုးတွေ စတင်သွင်းယူခဲ့တာကြောင့် ပထမပိုင်းအပြီးမှာ စီးပွား/ကူးသန်းက နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နေခဲ့ပါတယ်။

ချေပဂိုး

ဒုတိယပိုင်းမှာလည်း ဂိုးထပ်ရဖို့ကြိုးစားခဲ့တဲ့ စီးပွား/ကူးသန်းရဲ့ တိုက်စစ်ဆင်မှုတွေကို ဌေးအောင် ဦးဆောင်တဲ့ ကာကွယ်ရေးဝန်ကြီးဌာနအသင်း ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပါဘူး။ အဲဒါကြောင့်ပဲ စီးပွား/ကူးသန်းတိုက်စစ်မှူးထူးကျော်က ၅၇မိနစ်၊ ၆၄မိနစ်နဲ့ ၆၉မိနစ်တွေမှာ အနိုင်ဂိုးသုံးဂိုး ဆက်တိုက်သွင်းယူသွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကာကွယ်ရေးဝန်ကြီးဌာနအသင်း ကစားအားပြန်တင်လာပြီး ၇၃ မိနစ်မှာ ဇော်ဇင်ထက်က တစ်လုံးတည်းသော ချေပဂိုးကို ပြန်လည်သွင်းယူခဲ့ပါတယ်။ စီးပွား/ကူးသန်းအတွက် ပွဲသိမ်းဂိုးကို ၈၅မိနစ်မှာ မျိုးမင်းထွန်းကန်တင်ပေးတဲ့ ဘောလုံးကို လူစားဝင်လာတဲ့ စထက်နိုင်ဝင်းက ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

မြို့တော်စည်ပင်အသင်း	-	တစ်ဂိုး
ဘဏ္ဍာ/အခွန်အသင်း	-	ဂိုးမရှိ

လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းဟာ ပထမအကျော့တုန်းက သုံးဂိုးပြတ်နဲ့ အနိုင်ရထားလို့ အခုပွဲ ပထမပိုင်းမှာ အမာခံတော်တော်များများကို အနားပေးပြီး အရန်ကစားသမားတွေနဲ့ ယှဉ်ပြိုင်ကစားခဲ့တာကြောင့် အရေးနိမ့်ခဲ့တယ်ဆိုရင် မမှားပါဘူး။ ဂိုးပြတ်အရေးနိမ့်ထားလို့ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးနည်းနေပေမယ့် မြို့တော်စည်ပင်ကတော့ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်နဲ့ ယှဉ်ပြိုင်သွားခဲ့လို့ အနိုင်ရခဲ့တာပါ။ ဒါပေမယ့် နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ပြီး မြို့တော်စည်ပင်တို့ ကွာတားနဲ့ ဝေးခဲ့ရပါတယ်။ ဒုတိယပိုင်းမှာ ဘဏ္ဍာ/အခွန်အသင်းဟာ အမာခံကစားသမားတွေဖြစ်တဲ့ စိုးမြတ်မင်း၊ လွင်ဦးနဲ့ အောင်ကျော်မိုးတို့ကိုထည့်ပြီး အရှုံးဂိုးကို ချေပနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ စည်ပင်အတွက် အနိုင်ဂိုးကိုတော့ ၃၇မိနစ်မှာ အောင်မြင့်အေးက သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ ကွာတားမှာ ဘိုင်ရထားတဲ့ ပြည်ထဲရေးနဲ့ ကစားရမှာပါ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မြန်မာ့မီးရထား - ပို့ဆောင်ရေး

အောင်ဆန်းကွင်း

သစ်တောရေးရာ - ဆက်သွယ်ရေး

(မြန်မာ့အလင်း)

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၁၃

မြန်မာပီဂျီအေက ကြီးမှူး၍ မြန်မာနိုင်ငံအိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးသော Myanmar Masters 2009 ဂေါက်သီးရိုက် ပြိုင်ပွဲကို ယနေ့နံနက်၈နာရီတွင် ရန်ကုန်မြို့လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ် ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီး အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဦးဆောင်ကစား

ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Airil Rizman (Malaysia) က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၈ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

စိုးကျော်နိုင်၊ ဇော်ပိုင်ဦး၊ Stewart GINN(Australia)နှင့် ဘိုဘိုလေး(Amateur)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ချက်စီဖြင့် ဒုတိယ လိုက်ကြပြီး ယဉ်အောင်လတ်နှင့် သိန်းဇော်မြင့်တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ချက်စီဖြင့် တတိယ လိုက်နေကြသည်။

ဦးဆောင် ကစား

Myanmar Masters 2009 ဂေါက်သီးရိုက် ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲ အပြီးတွင် ဦးဆောင်ကစားလျက်ရှိသော **Airil Rizman(Malaysia)**။

(ဂေါက်သီးအဖွဲ့ချုပ်)

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲ၏ Main Sponsor အဖြစ် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors International Beverages Trading Co.,Ltd.,KBZ Bank,Pun Hlaing Golf Club,Aureum Palace Hotel, Myanmar Treasure Resort Hotel,CEPSA,KM Golf Centre, Srixon,Alpine Purified Drinking Water တို့က ထပ်မံပံ့ပိုးကူညီသည်။

ဆက်လက်

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို မတ် ၁၄ရက် နံနက်၈နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဒု-ဦးစီးမှူး(ဈေး) ဦးဟန်ဝင်းအောင် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့က ဖေဖော်ဝါရီ ၂၆ရက်က မီးငြိမ်းသတ်သရုပ်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြောင်းမြဆရာအတတ်သင် ကျောင်းဆင်းများတွေ့ဆုံပွဲ

ရန်ကုန် မတ် ၁၃

၁၉၇၃-၁၉၇၄ခုနှစ် မြောင်းမြ ဆရာအတတ်သင် ကျောင်းဆင်းသူငယ်ချင်းများ တွေ့ဆုံပွဲကို ဧပြီ ၅ရက် မွန်းလွဲ ၂နာရီတွင် အထက(၃) မြောက်ဥက္ကလာပ၌ ကျင်းပမည်ဖြစ်ရာ ဦးလွင်ပင် ဖုန်း-၀၉-၅၁-၄၁၅၆၇၊ ဦးလှဋ္ဌေး ဖုန်း-၆၂၉၅၃၅၊ ဦးလှဆောင် (ထ-၃၊ မ/ဥက္ကလာ) ဖုန်း-၆၉၃၁၉၀ တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကော့မှူးမြို့မဈေး မီးငြှိမ်းသတ်မှုသရုပ်ပြ

ကော့မှူး မတ် ၁၃

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း၌ မတ် ၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများ မီးငြှိမ်းသတ်မှုသရုပ်ပြပွဲကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အိုးထရက်ဖို့ဒ်မှာ ဘယ်သူ ပြုံးပန်းဝေနိုင်မလဲ

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဝင်းချို(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၃

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေနဲ့ ခြေကုန်လက်ပန်းကျခဲ့ရတဲ့ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်ယူနဲ့လီဗာပူးတို့ဟာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပေမယ့် သက်ပြင်းမချနိုင်ဘဲ မတ် ၁၄ရက် (ယနေ့) **မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဆက်လက် ဆင်နွှဲရပါဦးမယ်။**

မန်ယူအတွက် ပရီမီယာလိဂ်ပွဲစဉ် (၂၈)ဖြစ်ပြီး လီဗာပူးအတွက် ပရီမီယာလိဂ် ပွဲစဉ် (၂၉)ဖြစ်တဲ့ ဒီပွဲမှာတော့ ပရီမီယာလိဂ် ဖလားအတွက် ပြတ်သားတဲ့ရလဒ်တစ်ခုကို နှစ်သင်းစလုံးအတွက် ထုတ်ကြမယ့်ပွဲလည်း ဖြစ်ပါတယ်။

အိမ်ကွင်းရှုံးပွဲမရှိ

ဒီပွဲစဉ်နဲ့ပတ်သက်ပြီး **"ကျွန်တော့်ကစားသမားတွေ ကြံ့ခိုင်မှုအပြည့်နဲ့ အသင့်ဖြစ်နေပါပြီ"**လို့ နည်းပြကြီး ဖာဂူဆန်က ပြောကြားပါတယ်။ အိုးထရက်ဖို့ဒ်မှာ ကစားရမှာဆိုတော့ မန်ယူတို့အတွက် အားသာချက်ရှိနေပါတယ်။ ဒီနှစ်မှာ အိမ်ကွင်း ရှုံးပွဲမရှိသေးတဲ့ မန်ယူအတွက်ကတော့ ဒီမှတ်တမ်းကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကြိုးစားမှာ ဖြစ်ပါတယ်။

မန်ယူကွင်းမှာ သွားကစားရပေမယ့် နည်းပြ ဘင်နီတက်ဇ်ကတော့ **"ရီးရဲမက်ဒရစ်လို အသင်းကို ကျွန်တော့်လူတွေ လေးဂိုးပြတ် အနိုင်ယူထားပါတယ်"**လို့ မန်ယူကို လှန့်လုံးတွေနဲ့ စကားလုံးပစ်နေပါတယ်။

မန်ယူနှင့် လီဗာပူးပွဲတွင် အားပြိုင်ကြမည့် ဂျရတ်(ဝဲ)နှင့် စီရိုနယ်ဒိုတို့၏ အားပြိုင်မှုကို တွေ့မြင်ကြရမည်။

(အင်တာနက်)

ပြောကြား

ဒီနှစ်သင်းရဲ့ နောက်ဆုံး သတင်းတွေနဲ့ပတ်သက်ပြီး မန်ယူဟာ ဂိုးသမား ဗန်ဒါဆားကိုပဲ ထုတ်သုံးမှာ ဖြစ်ပြီး ကွင်းလယ်ပိုင်းမှာ လူအပြောင်းအလဲ လုပ်မယ်လို့ ဆိုထားပါတယ်။ နောက်ခံလူတွေအနေနဲ့ ဖာဒီနန်၊ ဗီဒစ်၊ အီဗရာနဲ့ အိုရှေးတို့ကိုပဲ ထုတ်သုံးဖို့ လျာထားတယ်လို့ ဖာဂူဆန်က ပြောကြားထားပါတယ်။

တိုက်စစ်အပိုင်းမှာတော့ မန်ယူ တိုက်စစ်မှူးတွေအားလုံး ကြံ့ခိုင်မှုပြည့်ဝနေတာမို့ စိတ်ကြိုက်ရွေးချယ် ကစားသွားစေမယ်လို့ ဖာဂူဆန်က ဆိုပါတယ်။ တကယ်တော့ ဒီပွဲဟာ နည်းပြနှစ်ဦးရဲ့ ဉာဏ်ရည်ပြိုင်ပွဲဖြစ်သလို မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုနဲ့ လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်တို့ရဲ့ အကဲစမ်းတဲ့ပွဲလည်း ဖြစ်ပါတယ်။

ပွဲချိန်ပြည့်

လီဗာပူးအသင်းမှာတော့ နောက်ဆုံးသတင်းအရ အလွန်ဆိုနဲ့ ဂျရတ်တို့ ဒူးဒဏ်ရာတွေ ရရှိထားလို့ ကြံ့ခိုင်မှုမပြည့်ဝဘူးလို့သိရပါတယ်။ ဒါပေမယ့် နည်းပြဘင်နီတက်ဇ်ကတော့ ထုတ်သုံးသွားမယ်လို့ ပြောကြားနေပါတယ်။ ဒါ့အပြင် တိုက်စစ်မှာ ဒရက်ကွတ်ကို အဓိကထုတ်သုံးဖို့ ရှိနေပြီး ဒဏ်ရာသက်သာနေပြီဖြစ်တဲ့ တောရက်စ်လည်း ပွဲချိန်ပြည့် ပါဝင်ကစားမယ်လို့ ဆိုနေပါတယ်။

ကွင်းလယ်

ကွင်းလယ်ကစားအားကို အဓိကထားပြီး ယှဉ်ပြိုင်ကြမယ့် ဒီနှစ်သင်းစလုံးဟာ ပရီမီယာလိဂ်ဖလားအတွက် ပြတ်သားတဲ့ ရလဒ်ကိုတော့ ရအောင်ကြိုးစားကြမှာ သေချာပါတယ်။

နိုင်ပွဲယူထား

အင်တာမီလန်ကို ကျော်ဖြတ်နိုင်ခဲ့လို့ မန်ယူဘောလုံးသမားတွေ အောင်စိတ်တွေ ဆူဝေနေသလို နာမည်ကြီး ရီးရဲကို ပေးဂိုးမရှိ အဝေးကွင်း အိမ်ကွင်း ဂိုးပြတ်သွင်း နိုင်ပွဲယူထားတဲ့ လီဗာပူးတို့ကလည်း မန်ယူရဲ့ ပရီမီယာလိဂ် အိပ်မက်ကို လန့်နိုးစေဖို့ ကြိုးစားကြမှာ သေချာပါတယ်။

အလေးသာနေ

ဒါကြောင့် မန်ယူဟာ အိမ်ကွင်း ဆိုပြီး လီဗာပူးကိုလျှော့တွက်ရင် ဖာဂူဆန်အတွက် မမျှော်လင့်တဲ့ရလဒ်ကြုံတွေ့သွားရနိုင်ပါတယ်။ ဘင်နီတက်ဇ်ဟာ အမှားအယွင်းနည်းအောင်ကစားပြီး သူ့လူတွေကို ဂိုးရအောင် ကြိုးစားခိုင်းပါလိမ့်မယ်။ ဒါပေမယ့် ပရီမီယာလိဂ်ဖလားကို ကာကွယ်ဖို့ လက်တစ်ကမ်းအကွာ ရောက်နေပြီဖြစ်တဲ့ ဖာဂူဆန်ရဲ့ တပည့်ကျော်တွေကလည်း ဒီပွဲမှာ အမှတ်ပြည့်ရအောင် အားကုန်ထုတ် ကစားကြမှာမို့ အိမ်ရှင်တို့ အလေးသာသွားမယ့် အနေအထားမှာ ရှိနေပါတယ်။ ။

(အင်တာနက်)

တောင်ကိုရီးယားကွင်းလယ်မှ ချိုဝန်ဟီးအား ဝီဂန်က စာချုပ်ခေါ်ယူ

လန်ဒန် မတ် ၁၃

တောင်ကိုရီးယားနိုင်ငံ လက်ရွေးစင်ကွင်းလယ်ကစားသမား ချိုဝန်ဟီးအား ဝီဂန်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ပြီးနောက် ၎င်းအား ပထမပွဲထွက် လူစာရင်း၌ ထည့်သွင်းကစားစေမည်ဟုဆိုသည်။

အသက်၂၅နှစ်ရှိ ချိုဝန်ဟီးအား ပြီးခဲ့သည့်လက စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် နှစ်နှစ်ခွဲစာချုပ် ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရင်သပ်ရှုမော

ချိုဝန်ဟီးသည် ပရီမီယာလိဂ် ရောက်ရှိရေးအတွက် ထူးခြားသော အကျိုးသက်ရောက်မှုကို ပြုလုပ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ သူသည် ရင်သပ်ရှုမောဖွယ် ကစားဟန်နှင့် အရည်အချင်းရှိသူဖြစ်ကြောင်း ဝီဂန်နည်းပြ စတိဗ်ဘရုစ်က ထုတ်ဖော် ပြောကြားခဲ့သည်။

လက်ဝှေ့ကျော်ပီရိုက်စ်အားအနိုင်ထိုးသတ်မည် မန်ချက်စတာလက်ဝှေ့သမား မက်သရူးဟောလ်ပြောကြား

လန်ဒန် မတ် ၁၃

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့၌ မတ် ၁၄ရက် **(ယနေ့)**တွင် ပြိုင်ဘက်မက်သရူးဟောလ်အား ယှဉ်ပြိုင်အနိုင်ထိုးသတ်ကာ အများထင်ကြေးပေးသည့်အတိုင်း ၎င်း၏ ခနသဟာယလိုက်မစ်ဒယ်ဝိတ် သရဖူကို ကာကွယ်မည်ဖြစ်ကြောင်း လက်ဝှေ့ကျော် ဘရက်ဒလေပီရိုက်စ်က ကတိပြုပြောကြားခဲ့သည်။



ပြိုင်ဘက်ဟောလ်သည် ကြီးကျယ်သော ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် ဆွေးနွေးခံရခြင်းပင် ဖြစ်ကြောင်း၊ သို့သော်လည်း မိမိနှင့် ယှဉ်ပြိုင်ထိုးသတ်သူတိုင်းသည် နေရာရလို၍ ထိုးသတ်ကြသူများဖြစ်ကြောင်း အသက်၂၇နှစ်ရှိ ပီရိုက်စ် **(အပေါ်ပုံ)**က ဖွင့်ဟပြောကြားခဲ့သည်။ ပီရိုက်စ်သည် ၂၀၀၅ခုနှစ်က မိုက်ကယ်ဂျင်နင်အား ရှုံးနိမ့်ပြီးကတည်းက တစ်ပွဲမျှ ရှုံးပွဲမရှိသေးချေ။

အကျော်အမော်များပါဝင်

မန်ချက်စတာမြို့ အမျိုးသား အားကစားရုံကြီး၌ မတ် ၁၄ရက် **(ယနေ့)**တွင် နယူးပို့ထ်မြို့သား ပီရိုက်စ်နှင့် အသက် ၂၄နှစ်ရှိ မန်ချက်စတာလက်ဝှေ့သမား ဟောလ်တို့ ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ်အပြင် လက်ဝှေ့အကျော်အမော်များလည်း ပါဝင် ထိုးသတ်ကြမည်ဟု သတင်း၌ ဖော်ပြသည်။

မိမိအနေဖြင့် ပီရိုက်စ်ကဲ့သို့သော လက်ဝှေ့သမားဖြစ်သည့် ကယ်ရီဟိုပ်အား အနိုင်ထိုးသတ်ခဲ့ပြီးပြီဖြစ်ပြီး ယခုအခါ ယင်းကဲ့သို့ပင် ပီရိုက်စ်အား ထိုးသတ်မည်ဟု ၎င်း၏ လက်ဝှေ့သက်တမ်းတွင် တစ်ပွဲသာရှုံးနိမ့်ခဲ့ဖူးသေးသူ ဟောလ်က ဖွင့်ဟပြောကြားသည်။

(အင်တာနက်)

၎င်းသည် ကစားသမားကောင်းတစ်ဦးဖြစ်သည်ကို မိမိအနေဖြင့် အသေအချာ ပြောနိုင်ကြောင်း၊ ထို့အပြင် လျင်မြန်ပြီး ကြံ့ခိုင်သန်စွမ်းကာ ဆုံးဖြတ်ချက်မှန်သူဖြစ်ကြောင်းလည်း စတိဗ်ဘရုစ်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ချစ် စိုး နိုင်
စု စည်း တင် ပြ သည်

အားသစ်လောင်းလေ့ကျင့်ထားသော အက်စ်တွန်ဗီလာ ချန်ပီယံလိဂ်ဝင်ခွင့်ရရေး ကြိုးပမ်းမည်

လန်ဒန် မတ် ၁၃

အားသစ်လောင်းထားသော အက်စ်တွန်ဗီလာအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အက်စ်တွန်ဗီလာ အသင်းနည်းပြ မာတင်အိုနေးလ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယုံကြည်

အက်စ်တွန်ဗီလာအသင်းနှင့် အတူယူအေအီးနိုင်ငံ ဒူဘိုင်းသို့ ငါးရက်ကြာလေ့ကျင့်ရေးခရီး သွားရောက်ခဲ့ပြီး မကြာခင်ကမှ ပြန်လာခဲ့သူ ဆဲလ်တစ်နည်းပြဟောင်း မာတင်အိုနေးလ်က ယင်းခရီးသည် ၎င်း၏ အသင်းအတွက် တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ပြောကြား

မိမိတို့အသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ရရေး ခရီးကြမ်းကို လျှောက်လှမ်းနေရသည့်အတွက် ယခုသွားခဲ့သည့် ခရီးစဉ်သည် အသင်းအတွက် အရေးကြီးသည်ဟု ခံစားမိကြောင်း၊ မိမိတို့သည်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်၍ အသင်းသားအားလုံးသည်လည်း လန်းဆန်းတက်ကြွနေကြပြီဖြစ်ကြောင်း၊ ယခု ခရီးစဉ်သည် အသင်းပြန်လည်ဖွဲ့စည်းရန်အတွက်လည်း အဓိကကျကြောင်း မာတင်အိုနေးလ်က ပြောကြားထားသည်။ **(အင်တာနက်)**

ကဝမြို့နယ် ရစ်ကံကြီးကျေးရွာ ပညာ့တန်ဆောင်စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ကဝ မတ် ၁၂

ပဲခူးတိုင်း ကဝမြို့နယ် ရစ်ကံကြီးကျေးရွာ ပညာ့တန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၄ ရက် နံနက် ၈နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ငွေး၊ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်-၃ ဒေါ်ငွေးစုလှိုင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ဝဲပုံ**) ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်က အလှူငွေကျပ် ၁၀၀၀၀၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သူဇာဝင်းက အလှူငွေကျပ် ၁၀၀၀၀နှင့်အတူ စာအုပ်စာစောင်များ၊ ရစ်ကံကြီးကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀စီတို့ကို စာကြည့်တိုက်သို့ လှူဒါန်းကြသည်။

စစ်ဆေး

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ငွေးနှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျီခါးမြို့နယ်စည်ပင် ကျေးလက်ရေပေးရေး ရေကန်ဆောက်လုပ်

ကျီခါး မတ် ၁၀

ချင်းပြည်နယ် ကျီခါးမြို့ အမှတ်(၁)ရပ်ကွက်တွင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ဂါလန် ၆၀၀၀ဆံ့ ရေကန်ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံမှုကို မတ် ၁၀ရက်က မြို့တာဝန်ခံ ဦးဝုန့်ပြင်းထန် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များဂုဏ်ပြုပွဲ ကျောင်းကုန်းမြို့တွင် ကျင်းပ

ကျောင်းကုန်း မတ် ၅

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အောက်ပိုင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးခင်စိုးတို့က အမှာစကားပြောကြားကြသည်။

ပြန်လည်ပြောကြား

ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ အလှူရှင်များဖြစ်ကြသည့် ဂါဒီယန်ဦးစိန်ဝင်း-ဒေါက်တာဒေါ်ခင်ထွေး မိသားစု (ရန်ကုန်)က စာရေးခုံနှင့် ထိုင်ခုံ ၁၀စုံ၊ ကျောင်းအကျိုးတော်ဆောင် ကျောင်းသားမိဘများနှင့်အလှူရှင်များက စာသင်ကျောင်းဆောင်နှင့်ဗီရိုပရိဘောဂပစ္စည်းများ၊ စာရေးခုံနှင့်ထိုင်ခုံအစုံ ၃၀ အပါအဝင် ကာလတန်ဖိုး ငွေကျပ်၁၅သိန်းကျော်ကို လှူဒါန်းကြရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ပြီး (**အောက်ပုံ**) ကျောင်းအုပ်ဆရာကြီး ဦးစိန်သန်းဦးက ကျေးဇူးတင်စကားကို ပြန်လည်ပြောကြားသည်။

(၁၅၄)

အမြို့မြို့ အနယ်နယ် သတင်းများ

မြိတ်မြို့၌ မူကြိုကလေးများ ကာယ/ဉာဏစွမ်းရည်ပြိုင်

မြိတ် မတ် ၅

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မူကြိုကလေးများ၏ ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက်၈နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေးနှင့် တာဝန်ရှိသူများ၊ မူကြိုကလေးငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထက(၄)မှ ကျောင်းသားကျောင်းသူများက သွေးကစကားပြောနေပြီ သီချင်းဖြင့် တေးသရုပ်ဖော် ကပြတင်ဆက်ကြသည်။ ထို့နောက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မိခင်/ကလေးမူကြိုကျောင်း ကလေးငယ်များနှင့် မြိတ်မြို့နယ် မိခင်/ကလေး မူကြိုကျောင်းကလေးငယ်များ၏ ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲကို ကျင်းပကြသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေးက တေးသရုပ်ဖော် ကပြကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် မေတ္တာလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် စေတနာရှင်များက မူကြိုကလေးငယ်များအား မေတ္တာလက်ဆောင်ပစ္စည်းများပေးအပ်ကြကြောင်း သိရသည်။ (**ခရိုင် ပြန်/ဆက်**)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် တုံတာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အမှတ်(၂)ရပ်ကွက် အများသုံးရေကန် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဦးစိုင်းအေးမင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တီးတိန်မြို့၌ လမ်းတာချဲ့ လုပ်ငန်းဆောင်ရွက်

တီးတိန် မတ် ၁၂

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆွောင်းပီးကျေးရွာသွားလမ်း လမ်းတာချဲ့ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးလျှန်ကျင့်ခိုင်က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၅ရက်က အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဆင်ကူးကျေးရွာ ဓမ္မာရုံ၌ တည်ဆောက်ရန်အတွက် ကြို့ပင်ကောက်မြို့ ကဝိမင်္ဂလာလမ်းနေ မိခင် ဒေါ်ပု၊ သား ကိုမြင့်ကြွယ် မိသားစုက အလှူငွေကျပ် ငါးသိန်းကို ဂေါပကဥက္ကဋ္ဌ ဦးဖိုးဆိတ်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

စံ(၅)ချက်နှင့်ကိုက်ညီသော စာကြည့်တိုက်များဖြစ်ပေါ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြည်မြို့၌ ကျင်းပ

ပြည် မတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၁၁ရက် နံနက်၁၀နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ ပြည်ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် မြို့နယ်ခြောက်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ခိုင်မာစာကြည့်တိုက်များ လျာထားချက်နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များ လျာထားချက်နှင့်အညီ ပြီးစီးရေး၊ ကျေးရွာစာကြည့်တိုက်များတွင် စာငှားစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာ တစ်စောင်မဖြစ်မနေ ရောက်ရှိရေးအတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရေး၊ ရုံးလုပ်ငန်းများ စနစ်တကျရှိရေးတို့ကို ဆွေးနွေးမှာကြားပြီး မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကာ ခရိုင်ဦးစီးအရာရှိက ဖြည့်စွက်ဆွေးနွေးတင်ပြ၍ တိုင်းလက်ထောက် ညွှန်ကြားရေးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

(တိုင်း ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော သင်ပုန်းချောင်းရေကျော် လုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမင်းသန့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင် အ ရာ ရှိ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ၁၇ရက်က ကျင်းပရာ မကွေးမြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်၊ တိုင်းမီးသတ်တပ်ဖွဲ့မှူး ဦးကြည်တိုးတို့ ဦးဆောင်၍ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာရေးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း တနိုင်း၌ဖွင့်

တနိုင်း မတ် ၈

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ရပ်ကွက်၊ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်စာရေးများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၃ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသို့တက်ရောက်ကြမည့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် စာရေးများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ကန့်ဘလူမြို့ ဗိုလ်ချုပ်လမ်း အင်ကြင်းကျောက်ဆောင်အနီး ပန်းအလှပင်များ စိုက်ပျိုးထားမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မေမျိုးနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေဝေရေလဲ မက္ကဒေးမီးယား စိုက်ခင်းနှင့် တစ်နိုင်တစ်ပိုင် ပန်းမျိုးစုံ လားရှိုးမြို့၌စီးပွားဖြစ်စိုက်ပျိုး

လားရှိုး မတ် ၂

လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် ပြည်နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ပြည်နယ် မန်နေဂျာ ဦးဝင်းလှိုင်ဦးတို့သည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲပိုင်းက လားရှိုးမြို့နယ် နမ့်ခိုက်ကျေးရွာရှိ ရေဝေရေလဲမက္ကဒေးမီးယားစိုက်ခင်းနှင့် ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ပန်းမျိုးစုံ စီးပွားဖြစ်စိုက်ပျိုးမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ မယ်ဟန်ကျေးရွာအုပ်စု နမ့်ခိုက်ကျေးရွာသည် အိမ်ခြေ ၁၀၀ခန့်ရှိပြီး နမ့်ခိုက်ရေထွက်၊ ကုလားကျောင်းရေထွက်၊ လင်းနို့ဂူရေထွက်များမှ ရေများဖြင့် ရာသီပန်းမျိုးစုံနှင့် စားဖိုဆောင်သီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိရာ ဒေသခံများအတွက် စိုက်ပျိုးရေဖူလုံရေး၊ ပိုလျှံရေများ လားရှိုးမြို့တွင်းသို့ ပေးပို့ဖြန့်ဝေရေး၊ ရေဝေရေလဲထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရရှိ နိုင်မည့် တန်ဖိုးမြင့် ပန်းပင်များ စိုက်ပျိုးလာနိုင်ရေး ပံ့ပိုးကူညီပေးလျက်ရှိသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြန်မာ့နှစ်ရှည်ပင်ရုံးဝင်းအတွင်း ပျိုးထောင်ထားသော ရော်ဘာနှင့် မက္ကဒေးမီးယားပင်များကို ကြည့်ရှုစစ်ဆေးကြသည်။ (၀၂၆)

စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ ပုဏ္ဏားကျွန်းမြို့နယ် တောင်ဇလပ်စာကြည့်တိုက်၌ ကျင်းပ

ပုဏ္ဏားကျွန်း မတ် ၃

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တောင်နားကျေးရွာရှိ တောင်ဇလပ်စာကြည့်တိုက်၌ ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီက ငွေပဒေသာပင်စိုက်ထူပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစောထွန်းဦးက အမှာစကားပြောကြားပြီး ငွေကျပ်တစ်သောင်းကို ငွေပဒေသာပင်စိုက်ထူပေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ် စံ(၅)ရပ်နှင့်အညီ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်များကိုလည်းကောင်း၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဘောလုံးအသင်းနှင့် မီးစက်အသင်းတို့က အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးစောမောင်က လက်ခံယူကြောင်းသိရသည်။(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ မင်းပြား၌ကျင်းပ

မင်းပြား မတ် ၄

စစ်တွေခရိုင် မင်းပြားမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှု ပြည်သူများ အသိမြှင့်တင်ရေးလုပ်ငန်း အစီအစဉ်နှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်သားများ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

သင်ကြားပို့ချ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ချစ်ဦးလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် သင်ကြားပို့ချကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ရက်က သရုပ်ပြဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနလွှဲပြောင်း

အင်းတော် မတ် ၅

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု နန့်သာရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၄ရက် နံနက်၁၁နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပပြီး ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ကျောင်းကော်မတီ ဦးစောစိန်က လွှဲပြောင်းပေးအပ်ရာ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးသိန်းဆွေဝင်းက လက်ခံယူသည်။ (၀၃၀)

နွားထိုးကြီး၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

နွားထိုးကြီး မတ် ၆

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှမိုးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေတို့သည် နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာသို့ ဖေဖော်ဝါရီ ၇ရက်က ကွင်းဆင်း၍ ကျေးရွာရှိ ရတနာစာကြည့်တိုက်တွင် ငါးနှစ်အောက် ကလေး ၂၀၀ကျော်အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြသည်။

အလားတူပင် မြင်းခြံခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် တောင်သာမြို့နယ်တွင်လည်း အဆိုပါနေ့ကသွားရောက်၍ ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးကြောင်း သိရသည်။ (၀၉၂)

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ဒုတိယဦးစီးမှူးဦးစိုးဝင်းတို့မတ်၃ရက်က ရောဝတီမြစ်အနောက်ဘက်ကမ်းရှိ အင်းအမှတ်-၆/သပြု အင်းမအင်း၊ အင်းအမှတ်-၇/ဗလန်ငူအင်း၊ အင်းအမှတ်-၈/သပြုကြီးအင်းနှင့် အင်းအမှတ်- ၉/သပြုကလေး အင်းများသို့ ကွင်းဆင်း၍ အင်းစည်းကမ်းချက်များနှင့်ငါးလုပ်ငန်းလုပ်ကိုင်ကြရေးကွင်းဆင်းစစ်ဆေးစဉ်။ (မွေး/ရေ)

ဆရာကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အရာတော်မြို့နယ် မူလတန်းကျောင်း၌ ကျင်းပ

အရာတော် မတ် ၆

အရာတော်မြို့နယ် အမှတ်(၁)နယ်မြေ ကမ္ဘောဇရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းကော်မတီဝင်များ ကြီးမှူး၍ ၂၀၀၈-၂၀၀၉ခုနှစ် ဆရာကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀နာရီကယင်းအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပထမဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်များဖြစ်ကြသည့် ဦးရွှင်နှင့် ဦးချစ်ဆောင်တို့က ကျောင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက ဆရာ ဆရာမများအား ဂါရဝပြုကန်တော့ကြသည်။ ထို့နောက်အတန်းလိုက်ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆရာဦးသံလိုက်က ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုင်းယောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းဖြစ်သည့် နှင်းဆီလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာဦးကျော်ညီညီထွန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



မချမ်းဘောမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းနှင့် ဟောပြောပွဲ ကျင်းပ

မချမ်းဘော မတ် ၃

မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်းနှင့် ဟောပြောပွဲ အခမ်းအနားကို မချမ်းဘော မြို့နယ် ရှင်မွေယာန်အုပ်စု၊ ရှိန်ကိုင်ယာန် ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ခန်းမဆောင်၌ ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ရှင်မွေယာန်အုပ်စု ဥက္ကဋ္ဌ ဦးလထော်တန်က အမှာစကားပြောကြားပြီး မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယုံခမင်က နယ်လှည့်စာကြည့်တိုက် လုပ်ရှားမှု၊ စာဖတ်ဝိုင်းနှင့် ဟောပြောပွဲ၏ ရည်မှန်းချက်များ၊ ဖွင့်လှစ်ခဲ့ပြီးသော ခိုင်မာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူငယ်များ ပညာရည်မြင့်မားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးစသည့် ခေါင်းစဉ်များဖြင့် ဟောပြောကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတစ်ဝန်း ဆည်တမံများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် မိုးစပါးသာမက နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီ

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန်အတွက် ဧကအများဆုံး စိုက်ပျိုးရေ ဖြန့်ဝေပေးနေသော ကျီးနီကန်ကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

➢ သတင်းမြင်ကွင်း - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့် ➢ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၃

နိုင်ငံတော်က ကျေးလက်ဒေသနေ ပြည်သူများ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေ ရရှိစေရန် ဆည်တမံအစုအဖွဲ့များကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးနိုင်ခဲ့၍ ယခုအခါ မိုးစပါးသာမက နွေစပါးကိုပါ ပြည်နယ်နှင့်တိုင်း ဒေသအတော်များများတွင် စိုက်ပျိုးနိုင်ခဲ့ကြပေပြီ။

အဟန့်အတား

အထူးသဖြင့် အထက်အညာဒေသများသည် တစ်ချိန်က မိုးရေကိုမျှော်ပြီး စိုက်ပျိုးရေးလုပ်ကိုင်ကြရသဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဟန့်အတား ဖြစ်ခဲ့ရသည်။ ယခုအခါ နိုင်ငံတော်က မိုးနည်းရေရှားဒေသအများစုတွင် ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ချောင်းပိတ်၊ မြောင်းပိတ်ရေရရှိရေး စီမံကိန်းများ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် သီးနှံစုံစိုက်ပျိုးရေးကို ဆတက်ထမ်းပိုးတိုး၍ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲ ၂၀၀၈ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာရှင် ရွေးချယ်ကြေညာ

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၄၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများစာရင်းကို ဖေဖော်ဝါရီ ၉ ရက်က သတင်းထုတ်ပြန်ခဲ့ရာ "၂၀၀၈ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်"(The Best Photographer of the Year 2008) တံခွန်စိုက်ဆုကို အမှတ်အများဆုံးရရှိသည့် ထင်အောင်(အင်းစိန်) FMPS က ဆွတ်ခူးရရှိခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်

(၄၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲတွင် ရှုချင့်စဖွယ် (အဖြူ၊ အမည်း)ကဏ္ဍ၊ ရှုချင့်စဖွယ် (ဆေးရောင်စုံ)ကဏ္ဍ၊သဘာဝလေ့လာချက်ကဏ္ဍ၊ လူပုံ(ဆေးရောင်စုံ)ကဏ္ဍနှင့်

စာမျက်နှာ ၁၁ ကော်လံ ၃ ■

(၄၅)ကြိမ်မြောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် သဘာဝ လေ့လာချက်ကဏ္ဍ၌ ပထမဆုရရှိခဲ့သည့် ညွန့်နိုင် (ဘော်တွင်း)၏ ဓာတ်ပုံလက်ရာကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



လူဦးရေ တိုးပွားမှုနှင့် ယနေ့ကမ္ဘာ

ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

တစ်နေ့တခြား တိုးပွားမှုမြန်ဆန်လာသော လူဦးရေကြောင့် လာမည့် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ခုနစ်ဘီလီယံကျော်အထိ ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေဆိုင်ရာ အရာရှိများက ခန့်မှန်းပြောကြားလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်း၊ မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆဘဲ အထူးသတိပြု သုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

14-3 (20).pmd 1 3/14/2009, 1:00 AM